# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (31-12-2014) (၈၀၇၁)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)





# လျှပ်စစ်ကိုအခြေခံ၍ ဒေသတွင်း အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများထူထောင်နိုင်


နေပြည်တော် ဒီဇင်ဘာ ၃၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာပြီး ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။** (အပေါ်ပုံ)

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဒေသခံအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုကိုတိုင်းတာရာတွင် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားမည်မျှသုံးစွဲနိုင်သည်ဟူသည့်အချက်သည် အဓိကကျသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိမှသာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်အရာအားလုံးကို မြှင့်တင်နိုင်ကြမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ပြည်သူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုသည် တစ်နှစ်လျှင် ကီလိုဝပ်နာရီ(ယူနစ်) ၁၉၀ ခန့်သာ သုံးစွဲနိုင်ပါသေးကြောင်း၊ မိမိတို့အစိုးရသစ် တာဝန်စတင်ယူစဉ်က လူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုသည် ၁၀၄ သာရှိခဲ့ရာမှ ယခု ၁၉၀ အထိ တိုးတက်လာသည့်အတွက် ဤကာလအတွင်းတိုးတက်လာသည်ဟု ဆိုနိုင်သော်လည်း ယင်းအခြေအနေသည် အရှေ့တောင်အာရှနိုင်ငံများအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု နည်းပါးနေသေးသည့်အတွက် များစွာကြိုးပမ်းဆောင်ရွက်ရဦးမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



သောက်ရေခပ်(၂) ရေအား လျှပ်စစ်စီမံကိန်း။

**သောက်ရေခပ်(၂) ဓာတ်အားပေးစက်ရုံ၌ လျှပ်စစ်ဓာတ်အားပေးစက် သုံးလုံးတပ်ဆင်ထားပြီး စုစုပေါင်း ဓာတ်အား ၁၂၀ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၆၀၄ ဒသမ ၇ သန်းခန့်ကို နိုင်ငံတော် မဟာဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ပြီ။**




ကြေးမုံ စာတည်း ရှေ့ထောင့် ၃၁-၁၂-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

# ပွင့်သောပန်းတိုင်း လန်းစေဖို့

"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏" လူတိုင်းသိထားသည့် တန်ဖိုးရှိသော စကားတစ်ခွန်းပေ။ သို့သော် လူတိုင်းမလိုက်နာတတ်ကြပါ။ ခပ်ပေါ့ပေါ့နေကြပြီး အရာရာတွင် ပေါ့ပေါ့ပါးပါးနှင့် ပြုမူကျင့်ကြံနေထိုင်ကာ အမှုမဲ့အမှတ်မဲ့ရှိနေတတ်ကြသည်။ မိမိကိုယ်တွင် ဝေဒနာတစ်ခု၊ ရောဂါတစ်ခုရလာပြီဆိုမှ အပ်နှင့်ထွင်ရမည့်ကိစ္စကို ပုဆိန်နှင့် ပေါက်ရသည့်အဆင့်သို့ ရောက်သွားရသည်။

သက်ရှိလူသားများအတွက် သက်စောင့်ဆေးမှာ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ" ဟူသော အကြောင်းတရား လေးပါးရှိသည်။ ဤလေးပါးမျှညီအောင် ကျင့်ကြံနေထိုင်တတ်သူအတွက် အသက်ရှည်ခြင်း၊ အနာမဲ့ခြင်း ဆုလာဘ်ကောင်းကို သဘာဝကချီးမြှင့်ပေးလိမ့်မည်။ ထိုလေးပါး တစ်ပါးပါးမှာ အားနည်းချက်ရှိလာပြီဆိုပါလျှင် ကျန်သုံးပါးပါ ဟန်ချက်မညီ ထိန်းသိမ်းရခက်ခဲလာမည်။ ကျန်းမာရေးကို ထိခိုက်လာစေမည် အမှန်ဖြစ်ပါသည်။

ကံဆိုသည်မှာ အလုပ်။ အသက်အရွယ်အရ၊ ဘဝအခြေအနေအရ ဝန်နှင့်အားမျှတစွာ လုပ်ကိုင်တတ်ဖို့လိုသည်။ စိတ်ဆိုသည်မှာလည်း တစ်ရံမလပ်လှုပ်ရှားနေသော အရာတစ်ပါး။ ဉာဏ်သတိနှင့်ထိန်းကာ လမ်းကြောင်းမှန်ပေါ် တင်ပေးမောင်းနှင်နိုင်ပါမှ၊ ဤကံနှင့် စိတ်နှစ်ပါး ညီညွတ်စွာနှင့် အပြုသဘောဆောင် စွမ်းဆောင်နေပါမှ၊ သို့မဟုတ်ပါလျှင် "စိတ်ကြောင့်သေ၊ ရုပ်ကြောင့်ကြေ"လျက် စိတ်ထောင်းလို့ကိုယ်ကြေ လူလုံးမလှဖြစ်သွားရပါလိမ့်မည်။ "ယောနိသောမနသိကာရ"စိတ်ဖြင့် အရာရာတွင် သင့်တင့်မျှတ နှလုံးသွင်းလျက် ဝန်နှင့်အားမျှညီ လုပ်ကိုင်တတ်သူတစ်ဦးအတွက် "စိတ်သွားတိုင်းကိုယ်ပါ"က အရာရာတွင် စွမ်းဆောင်ရှင်တစ်ဦးဖြစ်နေပါလိမ့်မည်။

မိမိ၏ကိုယ်ခန္ဓာနှင့် လိုက်လျောညီမည့် ဥတုရာသီကို ရွေးချယ်အခြေချနေထိုင်တတ်ဖို့လည်း လိုအပ်ပါသည်။ အာဟာရလည်း ထိုနည်းလည်းကောင်းပင်။ မိမိအစာအိမ်က လက်ခံချေဖျက်ပေးနိုင်စွမ်းသလောက် အာဟာရကို ရွေးချယ်စားသောက်ရောင့်ရဲတတ်ဖို့လိုသည်။ သို့ဆိုလျှင် အစာလည်းဆေး ဆေးလည်းအစာဖြစ်စေပြီး အကြင်သူအား အကျိုးပြုပေးပါလိမ့်မည်။ "မျက်စိမှာအကျင့် ဝမ်းမှာအချင့်"ဆိုစကားအတိုင်း စားသည့်အစာအတိုင်းအဆနှင့် စားချိန်မှန်ဖို့ လိုအပ်ပါသည်။ စားချိန်မမှန်ဆိုပါက အစာအိမ်ရောဂါရလာပြီးနောက် ခွဲစိတ်ကုသရသည့်အဆင့်ထိ ဆိုးကျိုးသက်ရောက်သွားနိုင်သည်။

လူတစ်ဦးအတွက် ဤအကြောင်းတရားလေးပါးညီညွတ်မျှတရှိနေသမျှ ကံနာ၊ ဝဋ်နာမှအပ အာဂန္တုကရောဂါများ ထိုးဖောက်ဝင်ရောက်မွှေနှောက်ခွင့် ရနိုင်မည်မဟုတ်ပါ။ ဉာဏ်သတိနှင့်အစဉ်ရှိနေ၍ ဖြစ်ပါသည်။ သို့သော် ကလေးသူငယ်များ ကျန်းမာရေးအတွက်ကိုကား လူကြီးများကဲ့သို့ ပြုမူကျင့်ကြံနေထိုင်ခိုင်း၍မရစကောင်းပါ။ ကိုယ်တိုင်ကိုယ်ကျကြီးကြပ်စောင့်ရှောက်ကာ ကောင်း၏၊ မကောင်း၏ကို ဆုံးဖြတ်လုပ်ကိုင်ပေးကြရမည်မှာ လူကြီးမိဘဆရာသမားများ၏ တာဝန်နှင့်ဝတ္တရားများပင်ဖြစ်ပါသည်။

ထို့ကြောင့်လည်း အစားအသောက်အနေအထိုင်မှအစ လမ်းညွှန်လမ်းကြောင်းမှန်စေရမည်။ ရောဂါဘယအတွက်ဆိုလျှင်လည်း မဖြစ်ပွားရအောင်ကြိုတင်ကာကွယ်ကာ ဖြစ်နေခဲ့လျှင်လည်း အချိန်မီကုသကြရမည်။ ထိုနည်းတူ နိုင်ငံတော်ကလည်း ကလေးသူငယ်များအရေး ဦးစားပေးစမြဲ။ နိုင်ငံအတွက် အားထားရမည့် အနာဂတ်မျိုးဆက်သစ် နိုင်ငံ့သားကောင်းရတနာလေးများ ဖြစ်နေ၍ ဖြစ်ပါသည်။

ယခုလည်း နိုင်ငံတစ်ဝန်းရှိကလေး ၁၇ သန်းကျော်ကို ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးအခမဲ့ထိုးပေးသွားရန်အစီအစဉ်ကို နေ့ရက်အတိအကျကြေညာလိုက်ပါပြီ။ နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းပထမအစီအစဉ်အဖြစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်ထိ အသက် (၅)နှစ်မှ (၁၅)နှစ်အထိ ကလေးငယ်များကိုလည်းကောင်း၊ ဒုတိယအစီအစဉ်အဖြစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ အသက် ကိုးလမှ (၅)နှစ်အထိကလေးငယ်များအားလည်းကောင်း ကာကွယ်ဆေးထိုးအဖွဲ့ ၁၂၀၀၀ ဖြင့်ဆောင်ရွက်သွားမည်ဟု သိရသည်။ ဆေး၏ တန်ပြန်သက်ရောက်မှုကိုလည်း မိနစ် ၃၀ မှ လိုအပ်ပါက ၂၄ နာရီအထိ ကျန်းမာရေးပညာရှင်များက အနီးကပ်စောင့်ကြပ်ကြည့်ရှုပေးသွားမည်ဖြစ်ရာ လိုလေသေးမရှိဟုဆိုရပါမည်။

နိုင်ငံအနှံ့မိဘပြည်သူများဘက်မှ မိမိတို့သားသမီးများကို ကာကွယ်ဆေးထိုးနှံရာအရောက်ခေါ်ဆောင်လာပြီး တစ်တပ်တစ်အားနှင့် အင်တိုက်အားတိုက်ပူးပေါင်းပါဝင်ကူညီလျက် ကလေးများတွင်ဖြစ်တတ်သည့် အန္တရာယ်ဝက်သက်နှင့်ဂျိုက်သိုးရောဂါဆိုးကို တားဆီးကာကွယ်သွားကြရမည်ဖြစ်ပါသည်။ ကလေးများကို ပန်းကလေးများနှင့်တင်စားခိုင်းနှိုင်းပြောကြသည်။ ပွင့်သောပန်းတိုင်း ငွားငွားစွင့်စွင့်ဝင့်ဝင့်ထည်ထည်လန်းဆန်းစေဖို့ မိဘ၊ ဆရာအားလုံးမှာ တာဝန်ရှိပါသည်။ အန္တရာယ်ဟူသမျှမှ ဝိုင်းဝန်းကာကွယ်တားဆီးပေးသွားကြရမည်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။ ။

## ( ၆၇ ) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

၂၀၁၅ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီမှ ကြီးမှူးကျင်းပလျက်ရှိသော ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်(ဘောလုံး)ပြိုင်ပွဲ၊ လွန်ဆွဲ(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက်မှ စတင်၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ဝင်းအတွင်း၌ ကျင်းပလျက်ရှိသည်။

ယင်းပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီတွင် စတင်၍ ကျင်းပလျက်ရှိသောပိုက်ကျော်ခြင်း လေ့ကျင့်ရေးရုံသို့လည်းကောင်း၊ ဖူဆယ်(ဘောလုံး)လေ့ကျင့်ရေးရုံသို့လည်းကောင်း၊ လွန်ဆွဲပြိုင်ပွဲကျင်းပလျက်ရှိသော ဘောလုံးလေ့ကျင့်ရေး အမှတ်(၃) ကွင်းသို့လည်းကောင်း လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြိုင်ပွဲများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၀၈၀၀ | - | ၆၆၁၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၀၈၀၀ | - | ၆၆၁၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | =၁၀၂၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၉. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၉၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၁၆၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၃. ၉၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၂. ၁၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၂၆၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၂. ၈၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၄. ၉၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**ကလေး ဒီဇင်ဘာ ၃၀**

## ကလေးမြို့သို့ စပါးရိတ်သိမ်း ခြွေလှေ့စက် ၁၀ စီးရောက်ရှိ


စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အမှတ်(၂)စက်မှုလယ်ယာစခန်းသို့ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၀ စီးကို စက်မှုလယ်ယာဦးစီးဌာနရုံးချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကူဂျီအမျိုးအစား ရိတ်သိမ်းခြွေလှေ့စက်များ ဒီဇင်ဘာ ၂၃ ရက်တွင် ရောက်ရှိခဲ့ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် စိုက်ညှိအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်များကို ကလေး၊ ကလေးဝ၊ မင်းကင်း၊ ဖောင်းပြင်၊ မော်လိုက်မြို့နယ်များသို့ နှစ်စီးစီ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ပြီး တောင်သူများအား ရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကာ ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုခြင်းဖြင့် လယ်ယာလုပ်သားရှားပါးမှုပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်၍ သီးနှံလေလွင့်ဆုံးရှုံးမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

ကလေးမြို့သို့ရောက်ရှိလာသော ရိတ်သိမ်းခြွေလှေ့စက် များသည် ကိုရီးယားနိုင်ငံမှထုတ်လုပ်သော ကူဂျီစက်များဖြစ်ပြီး တစ်နေ့လျှင် ၁၀ ဧကကျော် ရိတ်သိမ်းနိုင်ပြီး တစ်ဧကပြီးစီးမှု တစ်နာရီခွဲကြာကြောင်း သိရသည်။

စပါးရိတ်သိမ်းခြွေလှေ့စက်များကို တောင်သူများအနေဖြင့် နှစ်နှစ်လျှင် သုံးရစ်ဆပ်စနစ်ဖြင့် ပထမအရစ် ငွေကျပ်သိန်း ၁၅၀၊ ဒုတိယအရစ် ငွေကျပ်သိန်း ၁၅၀နှင့် တတိယအရစ် ငွေကျပ် ၁၂၅ သိန်းဖြင့် အရစ်ကျဝယ်ယူနိုင်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူးက ပြောသည်။

**(လင်းလက်ကြယ်စင်)**




**ရတနာမိုး** ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးပို့ဆောင်ရေး
EASY GO TRAVEL & TOURS CO.,LTD
ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးဖမ္ဗမိတ်ဆွေ မိတ်ဟောင်း/သစ်များအတွက်အထူးအစီအစဉ် အနေဖြင့် (၇)ည (၈)ရက် ခရီးစဉ် USD 890 ဟိုတယ်စားရိတ်ငြိမ်းဖြင့်ကုသိုလ်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။ ထွက်ခွာမည့်ရက် - Feb 01, Mar 22
(၁၄)ည (၁၅)ရက်ခရီးစဉ် ထွက်ခွာမည့်ရက် - Feb 01, 28, Mar 15, Apr 11
သီရိလင်္ကာဗုဒ္ဓမြတ်စွယ်တော်ဖူးခရီးစဉ် (၅ည/၆ရက်) Jan 21 USD 1450
အထက်ပါခရီးစဉ်များကို လစဉ်တိုင်းထွက်ရှိပေးပါမည်။ အကောင်းဆုံးဝန်ဆောင်မှုများကိုရရှိပြီးစိတ်ချမ်းသာစွာဘုရားဖူးနိုင်ရန် မိတ်ဟောင်း/သစ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ရန်ကုန်ရုံးချုပ် ☎ 01 - 377351-2, 246239, 09 - 73029315, 73198845, 30330800
မန္တလေးရုံးခွဲ 09-444026228, 09-444027228 ပြင်ဦးလွင်ရုံးခွဲ ☎ 085-29769, 09-33317787
E-mail:tour.easygotravel@gmail.com, www.easygotour.com

**ရွှေနဂါး** (ဝရိုက်ငြိမ်း)
ကျိုက်ထီးရိုး(နေ့စဉ်)-40000
ချောင်းသာ (နေ့စဉ်)-55000
Ph:209077, 09-73167000
209388, 09-73168000

**ချစ်ပိုင်သစ္စာ** 562829,09-73198239 569782,09-450006779
*ပုဂံ(စွယ်တော်လေးဆူ)ပုပ္ပါး ပခုက္ကူ
*တောင်ကြီး၊ အင်းလေး၊ ပင်းတယ
*မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
www.chitpaithitsar.blogspot.com

**NEW MOTION** Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျှားသစ်လွင် ခရီးစဉ်
★ ပုဂံ ~ Jan; 9,15 , Feb; 11, 27
★ မန္တလေး ~ Jan; 8,15 , Feb; 11, 27
★ တောင်ကြီး ~ Jan; 8,15 , Feb; 11, 27
★ မော်လမြိုင် ~ Jan; 9 , Feb; 13, 27
★ အလောင်းတော်ကဿပ ~ Feb; 11,27
★ ရွှေစက်တော် ~ Feb; 12,27
★ ငွေဆောင် ~ Jan; 16, 23, Feb; 13,27
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

**ပြည်တွင်းရေးရာ**

# နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတည်ဆောက်နေ လူမှုအဖွဲ့အစည်းများသည် နိုင်ငံတော်အကျိုး၊ ဒေသအကျိုး ဆောင်ရွက်နိုင်သည့် အဖွဲ့များဖြစ်



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိမှသာ ဒီမိုကရေစီအနှစ်သာရှိမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမကြီး၌ ကျင်းပသည့် ရန်ကုန်မြို့မှ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအခမ်းအနား၌ ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်သူလူထုနှင့်အစိုးရကြား ပေါင်းကူးဆက်သွယ်ပေးပြီး နိုင်ငံတော်အကျိုးဖော်ဆောင်ပေးမည့် လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေး တည်ဆောက်နေခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာ၌ ဒီမိုကရေစီစနစ်နှင့်အညီ လူမှုအဖွဲ့အစည်းများသည် နေရာရရှိပြီး နိုင်ငံတော်အကျိုး၊ ဒေသအကျိုးဆောင်ရွက်နိုင်သည့် အဖွဲ့များဖြစ်ပါကြောင်း။

အလျဉ်းသင့်၍ လွှတ်တော်များ၏တာဝန်နှင့် ဆောင်ရွက်ချက်ကို တင်ပြလိုပါကြောင်း၊ လွှတ်တော်များသည် ဥပဒေများ အတည်ပြုပြဋ္ဌာန်းခြင်း၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဆိုသည့် မဏ္ဍိုင်ကြီး(၃) ရပ်အတွင်း ဆောင်ရွက်ချက်များအပေါ် အပြန်အလှန်ညှိနှိုင်းထိန်းကျောင်းခြင်း၊ နိုင်ငံတော်၏ အရအသုံးဘတ်ဂျက်ကို စိစစ်ခွင့်ပြုခြင်းများ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်ကချမှတ်ထားသော "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဆောင်ပုဒ်သည် လွှတ်တော်၏ မူဝါဒပင်ဖြစ်ကြောင်း၊ လွှတ်တော်၏ မူဝါဒနှင့်အညီ နည်းလမ်း(၃)ခုဖြစ်သည့် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရေးအတွက် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းဆွေးနွေးဆုံးဖြတ်ခြင်း၊ ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းလုပ်ငန်းများ ဆောင်ရွက်သည့်နည်းတူ လွှတ်တော်အတွင်း၌ ဦးစားပေးလုပ်ငန်းများအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းသည် လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည်နှင့်အညီ ဥပဒေများပြဋ္ဌာန်းရာ၌ ပြည်သူများ၏ အကျိုးစီးပွားမြှင့်တင်နိုင်ရေးနှင့် ပြည်သူများလိုက်နာနိုင်သော ဥပဒေဖြစ်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များကို ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေများကိုသာ ပြဋ္ဌာန်းပေးရမည်ဖြစ်ကြောင်း။

လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ ပြည်သူများနှင့် တိုက်ရိုက်တွေ့ဆုံပြီး ပြည်သူ့အသံများကို နားထောင်ကာ လွှတ်တော်အတွင်းသို့ သယ်ဆောင်၍ အဆိုများ၊ ဥပဒေများဖြစ်ပေါ်လာသည်အထိ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့အကျိုးစီးပွားကို အဓိကထားဆောင်ရွက်ပေးကြမည့် လူမှုအဖွဲ့အစည်းများအနေဖြင့် ပြည်သူနှင့်အစိုးရကြား အဆင်ပြေချောမွေ့အောင် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်သင့်သည် လုပ်ငန်းများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့မှ ကိုယ်စားလှယ်များက နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူများ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ယနေ့တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုအဖွဲ့အစည်းအားလုံးနီးပါးကို ဖိတ်ကြားပြီး ဆွေးနွေးခြင်းဖြစ်သကဲ့သို့ တင်ပြကြသည့် အချက်အလက်များသည်လည်း တိုင်းဒေသကြီးအတွင်း လိုအပ်ချက်များနှင့် ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းများ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ တင်ပြချက်များအနက် ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရမည့်လုပ်ငန်းများ ပါဝင်သကဲ့သို့ အချို့တင်ပြချက်များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ဆောင်ရမည့်အပိုင်းဟူ၍ တွေ့ရှိရပါကြောင်း။

ကျေးရွာချင်းဆက်လမ်းကဲ့သို့သော ဒေသဖွံ့ဖြိုးရေး တင်ပြချက်များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ကျူးကျော်အိမ်ရာများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် အချိန်အခါအလိုက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ လုပ်ဆောင်ရာတွင်လည်း လုပ်၍ရသည့်အပိုင်းရှိသကဲ့သို့ လုပ်၍မရသည်များလည်း ရှိပါကြောင်း၊ အချိန်အခါတစ်ခုကို စောင့်ဆိုင်းပြီး အချို့ကိစ္စရပ်များသည် ညှိနှိုင်းဆောင်ရွက်ရသကဲ့သို့ အချို့ညှိနှိုင်း၍မရသည့် ကိစ္စများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရပါကြောင်း။

တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရေးအတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေပါကြောင်း၊ ယနေ့ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရမည့်ကိစ္စများကို ထုတ်နုတ်၍ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးများတွင်လည်း ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် အစည်းအဝေးကာလအတွင်း ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးပြီး အချို့ကိစ္စရပ်များကို အစည်းအဝေးပြီးသည်နှင့် ဆက်လက်ဆောင်ရွက်ပေးနေပါကြောင်း၊ သို့သော်လည်း ပြည်ထောင်စုအဆင့်သို့ တင်ပြရမည့်လုပ်ငန်းများဆိုလျှင် အချိန်ကာလတစ်ခု စောင့်ဆိုင်းရမည်ဖြစ်ကြောင်း၊ ရရှိသည့် ဘတ်ဂျက်အပေါ်မူတည်ပြီး ဆောင်ရွက်ရခြင်းဖြစ်၍ ချက်ချင်းလုပ်ဆောင်၍ မရနိုင်ပါကြောင်း၊ ယနေ့ တင်ပြချက်များကို မှတ်သားကာ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက မိမိတို့လွှတ်တော်အပိုင်းနှင့်ပတ်သက်၍ လွှတ်တော်ခေါ်ယူကျင်းပရခြင်းကိစ္စရပ်များတွင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေအရ လွှတ်တော်ပုံမှန်အစည်းအဝေး တစ်ခုနှင့်တစ်ခုအကြား (၆)လထက် မပိုရပါကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌသည် အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ပါကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်မှ လွှတ်တော်အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးကို အကြောင်းကြားပြီး အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးကျင်းပရပါကြောင်း၊ တိုင်းဒေသကြီး လူထုအကျိုးအတွက် အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စများတွင် အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပရခြင်း ဖြစ်ပါကြောင်း။

မိမိတို့ လွှတ်တော်ကို ပြည်သူများက တိုင်ကြားစာများ ပေးပို့ခြင်းရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် တိုင်ကြားစာ အစောင် ၅၀ ခန့်၊ ၂၀၁၂ ခုနှစ်တွင် အစောင် ၁၅၀ ခန့်၊ ၂၀၁၃ ခုနှစ်တွင် အစောင် ၅၀၀ ကျော်၊ ယခု ၂၀၁၄ ခုနှစ်တွင် အစောင် ၅၀၀ နီးပါးရှိပါကြောင်း၊ ၎င်းတိုင်ကြားစာများကို သက်ဆိုင်ရာကော်မတီများသို့ ပေးပို့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်မှုနှင့်ဆိုင်သည့်ကိစ္စများကို အစိုးရအဖွဲ့သို့ပေးပို့ပြီး တရားရေးနှင့်ဆိုင်သည့် ကိစ္စများကို တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်သို့ ပေးပို့ပါကြောင်း၊ ၎င်းတို့ထံမှ ပြန်ကြားချက်များကို သက်ဆိုင်ရာတိုင်ကြားသူ ပြည်သူများထံ ပြန်လည်ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်ကော်မတီများ ဖွဲ့စည်းမှုနှင့် ပတ်သက်၍လည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ တောင်းဆိုချက်အရ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးတွင် အကြံပြုချက်များပေးပါရန် တောင်းဆိုခဲ့ပါကြောင်း၊ ကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုစုစည်းပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့သို့ ပေးပို့သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း ဆွေးနွေးပွဲပြုလုပ်ပါကြောင်း၊ မိမိတင်ပြခဲ့သည့် လွှတ်တော်ကျင်းပရေးဆိုင်ရာကိစ္စနှင့် လွှတ်တော်ကော်မတီများဖွဲ့စည်းခြင်းကိစ္စတို့နှင့် ပတ်သက်၍ ပြင်ဆင်ချက်များပေးပို့ခြင်း မရှိခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ခြုံငုံသုံးသပ်ဆွေးနွေးပြောကြားရာတွင် ယနေ့တင်ပြချက်များကို ပြန်လည်သုံးသပ်ရာ၌ အချို့ကိစ္စများသည် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်ရမည်ဖြစ်ပြီး အချို့ကိစ္စများသည် လွှတ်တော်များအပိုင်းက ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအပိုင်းက ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များသည် ထုတ်ပြန်ထားသော ဥပဒေများအရ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ဥပဒေပြုရန်လိုအပ်သည့် ကိစ္စရပ်များကို တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့က လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

ယခု လွှတ်တော်သက်တမ်း လေးနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေပေါင်း ၁၂၆ ခု ပြင်ဆင်ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ဆွေးနွေးဆဲဥပဒေကြမ်း ၄၀ ခန့်ရှိကြောင်း၊ ဥပဒေများပြဋ္ဌာန်းရာတွင် ပြည်ထောင်စုအဖွဲ့အစည်းဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်းကို တင်သွင်းခွင့်ရှိကြောင်း၊ ဥပဒေကြမ်းများအပေါ် စိတ်ဝင်စားသည့် မည်သည့်နိုင်ငံသားမဆို ပါဝင်ဆွေးနွေးအကြံပြုနိုင်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ဥပဒေများသည် တရားမျှတမှုရှိပြီး အများလိုက်နာနိုင်သော ဥပဒေများဖြစ်ရန်လိုကြောင်း၊ ထို့ပြင် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊Treaty များနှင့်လည်း ကိုက်ညီရန်လိုကြောင်း၊ တည်ဆဲဥပဒေတစ်ရပ်ကို ပြင်ဆင်ပေးရန် လိုအပ်ပါကအမြန်ဆုံး ပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်တွင် တည်ဆဲဥပဒေများနှင့်ပြဋ္ဌာန်းပြီး ဥပဒေများကို လိုအပ်ပါက ပြန်လည်ပြင်ဆင်ပေးသည့်သာဓကများရှိပါကြောင်း။

ယနေ့ခေတ်သည် ဒီမိုကရေစီစနစ်ဖြစ်သည်နှင့်အညီ ပြည်သူများ၏ အလိုကျသက်ဆိုင်ရာအဖွဲ့အစည်းများက အုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်များက ပြည်သူ့ဆန္ဒသဘောထားများနှင့်အညီ ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့်ဥပဒေများ ပြဋ္ဌာန်းပေးရန်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အုပ်ချုပ်ရန်လိုကြောင်း၊ လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး အပြန်အလှန်ထိန်းကျောင်းခြင်းများ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်း အုပ်ချုပ်ရေးအဖွဲ့များ၊ တရားရေးအဖွဲ့များက ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီ၊ မညီ၊ ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းခြင်း ရှိ၊ မရှိ တို့ကို ပြန်လည်ထောက်ပြရန်လိုကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များအနေဖြင့် ဥပဒေပြုရေးတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဥပဒေများ ပြဋ္ဌာန်းရာတွင် ပိုမိုမြန်ဆန်လွယ်ကူလာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် လွှတ်တော်အတွေ့အကြုံ အားနည်းပြီး မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ အပိုင်းကလည်း လွှတ်တော်အတွေ့အကြုံ နည်းကြပါကြောင်း၊ လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်လာပြီးနောက်ပိုင်း ယခင်ပြဋ္ဌာန်းထားသည့်ဥပဒေများကို ခေတ်စနစ်နှင့် ညီညွတ်အောင် ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေမှုရှိသည့် ဥပဒေများရှိရန် လိုပါကြောင်း၊ မိမိတို့နိုင်ငံကို ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်မည်ဆိုလျှင် တည်ဆဲဥပဒေများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ပြီး ပြဋ္ဌာန်းပြီးဥပဒေများ အသက်ဝင်လာအောင် နည်းဥပဒေစည်းမျဉ်း၊ စည်းကမ်းများ လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တက်ရောက်လာကြသော လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

အဲအေးရှ လေကြောင်းလိုင်းပိုင် အဲဘတ်စ် အေ ၃၂၀- ၂၀၀ လေယာဉ်သည် အင်ဒိုနီးရှား နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ ဆူရာဘာရာမြို့မှ စင်ကာပူနိုင်ငံ သို့ တနင်္ဂနွေနေ့ အစောပိုင်းက ပျံသန်းသွားစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ယခု လောလောဆယ် လေယာဉ်အပိုင်းအစများနှင့် ရုပ်အလောင်းများတွေ့ရှိရသည့် ဘော်နီယိုကျွန်း၏ အနောက်တောင်ဘက် ဂျာဗားပင်လယ်ပြင်တွင် လေယာဉ်ပျက်ကျသွားခဲ့ခြင်းဖြစ်မည်ဟု ယူဆနေကြသည်။

လေတပ်စစ်လေယာဉ် တစ်စင်းက ပျောက်ဆုံးနေသည့် QZ8501 လေယာဉ်၏ အပျက်အစီးဟု ယူဆရသည့် လက္ခဏာ တစ်ခုကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား အမျိုးသားကယ်ဆယ်ရေးနှင့် ရှာဖွေရေးအေဂျင်စီဥက္ကဋ္ဌ ဘမ်ဘန်းဆူလစ္စတိုက ဂျကာတာမြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အင်ဒိုနီးရှား ရုပ်မြင်သံကြားဌာနတစ်ခုက ရေပြင်ပေါ်တွင် ပေါလောမျောနေသည့် ရုပ်အလောင်းတစ်ခုကို ရှာဖွေရေးအဖွဲ့၏ လေယာဉ်ပေါ်မှ ရိုက်ကူးထားသည့် ဗီဒီယိုကို ထုတ်လွှင့်ပြသခဲ့သည်။ အင်ဒိုနီးရှားစစ်လေယာဉ်တစ်စင်းသည် ရုပ်အလောင်း ၄၀ ကျော်ကို ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် သေဆုံးသူအရေအတွက် ထပ်မံတိုးလာဦးမည်ဖြစ်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ မာနာဟန် ဆီမိုရန်ကာက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

အစောပိုင်းက ရှာဖွေရေးအဖွဲ့များသည် ရေပြင်ပေါ်တွင် မျောပါနေသော အပျက်အစီးအစိတ်အပိုင်းများကို တွေ့ရှိခဲ့သော်လည်း QZ8501 လေယာဉ်မှ ဟုတ်မဟုတ် အတည်ပြုနိုင်ခဲ့ခြင်းမရှိပေ။ သို့သော် ဒီဇင်ဘာ ၃၀ တွင် တွေ့ရှိခဲ့သည့် အပျက်အစီးများသည် အဲအေးရှလေယာဉ်မှ အပိုင်းအစများဟု အင်ဒိုနီးရှား ပြည်သူ့လေကြောင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဂျိုကို မွာဂျတ်မော့ဂျိုက ပြောကြားခဲ့သည်။

ယခုအခါ အပျက်အစီးအပိုင်းအစများသည် အဲအေးရှ လေယာဉ်မှဖြစ်ကြောင်းကို အတည်ပြုနိုင်ပြီဖြစ်ကြောင်း၊ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအဖွဲ့ဝင်များထံမှ မျက်မြင်သုံးသပ်ချက်အစီရင်ခံမှုများအရ လေယာဉ်၏ ခရီးသည် အဆင်းအတက်တံခါး၊ ကုန်လှောင်ခန်းတံခါးများကို တွေ့ရှိထားပြီဖြစ်ကြောင်းနှင့် ပန်ကာလန်ဘန်မြို့မှ အနောက်တောင်ဘက် ကီလိုမီတာ ၁၆၀ အကွာ ပင်လယ်ထဲတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအခါ အင်ဒိုနီးရှားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက ပင်လယ်ပြင်ရှာဖွေရေးလုပ်ငန်းများတွင် အကူအညီပေးရန် ကမ်းလှမ်းခဲ့ကြသည်။ စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျနိုင်ငံတို့က ရေတပ်စောင့်ကြည့်လေ့လာရေး လေယာဉ်များနှင့် စစ်သင်္ဘောများပေးပို့ကာ အင်ဒိုနီးရှားနိုင်ငံ၏ လေယာဉ်ရှာဖွေရေးအဖွဲ့နှင့် ပူးပေါင်းရှာဖွေလျက်ရှိသည်။

**ချန်နယ်နယူးစ်အေရှ။**



**လေယာဉ်အပျက်အစီးနှင့် ရုပ်အလောင်းများရှာတွေ့ပြီဟူသော သတင်းဆိုးကြောင့် ဝမ်းနည်းပူဆွေးနေသည့် အမျိုးသမီးငယ်တစ်ဦး။**

# ဂမ်ဘီယာသမ္မတ ပြည်ပခရီးသွားရောက်စဉ် မြို့တော်၌ တိုက်ခိုက်မှုပြင်းထန်စွာဖြစ်ပွား

**ဘန်ဂျူးလ် ဒီဇင်ဘာ ၃၀**

ဂမ်ဘီယာနိုင်ငံမြို့တော် ဘန်ဂျူးလ်ရှိ သမ္မတနန်းတော်အနီးတွင် ဒီဇင်ဘာ ၃၀ ရက်က သေနတ်ပစ်ခတ်သံများ ဆူညံစွာ ပေါ်ထွက်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ အသေးစိတ် မသိရသေးပေ။ သမ္မတ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုင်ငံတော်အာဏာသိမ်းပိုက်ရန် ကြိုးပမ်းခဲ့ကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်များကို ကိုးကား၍ အေပီသတင်း၌ ဖော်ပြသည်။

ပစ်ခတ်မှုများပေါ်ထွက်ချိန်တွင် သမ္မတ ဟာဟာဂျမားမှာ ပြည်ပသို့ ခရီးသွားရောက်နေချိန်ဖြစ်သည်ဟု ဆိုသည်။

သမ္မတ ဂျမားသည် ၁၉၉၄ ခုနှစ်တွင် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သူဖြစ်ပြီး ၎င်းသည် အာဖရိကတိုက်အတွင်း အဖိနှိပ်အချုပ်ချယ်ဆုံး အစိုးရတစ်ရပ်ကို ဦးဆောင်နေသူအဖြစ် ၎င်းအား ဝေဖန်သူများက စွပ်စွဲပြောဆိုခဲ့ကြသည်။

ဂမ်ဘီယာမြို့တော်၌ ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့က တရားဝင်ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း တိုက်ခိုက်လာသူများကို တွန်းလှန်ချေမှုန်းနိုင်ခဲ့သည်ဟု စစ်ဘက်တာဝန်ရှိသူများက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

တိုက်ခိုက်သူများသည် အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်စေရန် ရည်ရွယ်ပုံရကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သမ္မတဂျမားသည် ပြင်သစ်နိုင်ငံသို့ သွားရောက်နေကြောင်း သတင်းအချို့တွင် ဖော်ပြပြီး အချို့က ၎င်းမှာ ဒူဘိုင်း၌ ရောက်ရှိနေသည်ဟု ဆိုသည်။

ဂမ်ဘီယာသည် အနောက်အာဖရိကဒေသမှ နိုင်ငံငယ်လေးဖြစ်ပြီး သဲသောင်ပြင်အလှဖြင့် ကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင်သည့် နိုင်ငံဖြစ်သည်။

**ဘီဘီစီ။**

# ဆိုမာလီတွင် အမေရိကန်လေကြောင်းမှ တိုက်ခိုက်

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၃၀**

ဆိုမာလီနိုင်ငံတွင် အစွန်းရောက်အကြမ်းဖက်အုပ်စု အယ်လ်ရှာဘတ်၏ ခေါင်းဆောင်ဆိုသူကို ပစ်မှတ်ထားကာ အမေရိကန်က တနင်္လာနေ့ညနေပိုင်းတွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ပင်တဂွန်က ဒီဇင်ဘာ ၃၀ ရက် ကြေညာချက်ထုတ်ပြန်သည်။

အမေရိကန်၏ လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သောအဖွဲ့ခေါင်းဆောင် အာမက်အက်ဒီဂိုဒါနီ သေဆုံးပြီး လေးလအကြာ အမေရိကန်နိုင်ငံခြားရေးဌာနက ဆုငွေဒေါ်လာသုံးသန်းထုတ်ထားသော ၎င်းအဖွဲ့၏ ထောက်လှမ်းရေးအကြီးအကဲ ဇာကာရီယာ အစ္စမေးအာမက်ဟာစီကို ဆိုမာလီကာကွယ်ရေးတပ်ဖွဲ့က လက်ရဖမ်းဆီးမိပြီး သုံးရက်အကြာ ယခုကဲ့သို့ တိုက်ခိုက်ခြင်းဖြစ်သည်။ တိုက်ခိုက်မှုနှင့် ရလဒ်အသေးစိတ်တို့ကို ကြေညာချက်တွင် ဖော်ပြထားခြင်းမပြုပေ။

အယ်လ်ရှာဘတ်ပြောရေးဆိုခွင့်ရှိသူက အဆိုပါတိုက်ခိုက်မှုကို အတည်ပြုသည်။ လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ခြင်းမဟုတ်ဘဲ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောကြားသော်လည်း သေဆုံးမှုနှင့်ပတ်သက်၍မူ ပြောကြားရန် ငြင်းဆိုခဲ့သည်။ **ဘီဘီစီ။**





# ဖိလစ်ပိုင်တွင် မုန်တိုင်းတိုက်ခတ်၊ အနည်းဆုံး လူ ၃၀ ထက်မနည်းသေဆုံး

**မနီလာ ဒီဇင်ဘာ ၃၀**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့်တောင်ပိုင်းတွင် အပူပိုင်းမုန်တိုင်းကျန်းမီတိုက်ခတ်သဖြင့် မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်း တို့ဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး လူ ၃၀ သေဆုံးခဲ့ကြောင်း၊ ယနေ့ ဒုတိယမြောက်နေ့အဖြစ် မိုးသည်းထန်စွာရွာလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

မြစ်ရေများလျှံတက်ကျကာ ကျေးရွာများကို လှူလည်ပင်း နစ်မြုပ်သည်အထိ ဖုံးလွှမ်းလျက်ရှိပြီး အဝေးပြေးလမ်းမများနှင့် လူနေအိမ်များပေါ်သို့ တောင်များပြိုကျခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဘေးအန္တရာယ်ကြီးမားသော ဒေသများ၌ နေထိုင်သူများသည် နေအိမ်များမှ ရွှေ့ပြောင်းကြရန် သတိပေးချက်ထုတ်ပြန်သည်ကို လျစ်လျူရှုခဲ့ကြကြောင်း ဆာမာပြည်နယ် ကက်ဘာလိုဂန်မြို့တော်ဝန်က ဒီဇက်အမ်အမ် အသံလွှင့်ဌာနသို့ ပြောကြားခဲ့သည်။

ကက်ဘာလိုဂန်တွင် တောင်တန်းဘေး အဝေးပြေးလမ်းမပေါ်၌ ဗင်ကားတစ်စီးပေါ်သို့ မြေပြိုကျခဲ့ရာ ၁၂ ဦး သေဆုံးခဲ့သည်ဟု မြို့တော်ဝန်က ပြောသည်။

တစ်နာရီလျှင် မိုးရေချိန် ၁၅ မီလီမီတာအထိ မိုးရွာစေခဲ့သော ကျန်းမီမုန်တိုင်းသည် မင်ဒါနာအိုကျွန်း၏ တောင်တန်းတောင်ကုန်းထူထပ်သည့် အရှေ့တောင်ပိုင်းကို ဝင်ရောက်မွှေနှောက်ပြီး နောက်တစ်ရက်တွင် ငါးဖမ်းနယ်မြေနှင့် ကမ္ဘာလှည့်ခရီးသွားနယ်မြေကို ဖြတ်သန်းဝင်ရောက်ခဲ့သည်။

မုန်တိုင်းမကျရောက်မီ ရွှေ့ပြောင်းပေးခဲ့သော လူဦးရေထောင်ပေါင်းများစွာသည် ရေများစတင်ကျဆင်းနေပြီဖြစ်၍ အင်္ဂါနေ့ နှောင်းပိုင်းတွင် ၎င်းတို့၏ နေအိမ်များသို့ ပြန်နိုင်ကြမည်ဟု မျှော်လင့်ကြသည်။

ကျန်းမီမုန်တိုင်း၏ တစ်နာရီ လေတိုက်နှုန်းမှာ ၆၅ ကီလိုမီတာဖြစ်သည်။

**ရိုက်တာ။**

# အကြမ်းဖက်အန္တရာယ်စိုးရိမ်မှုကြောင့် ဘက်ကင်ဟမ်နန်းတော်မှအစောင့်များ နေရာပြောင်းရွှေ့

**လန်ဒန် ဒီဇင်ဘာ ၃၀**

ဗြိတိန်တော်ဝင်နန်းတော်ကို စောင့်ကြပ်လျက်ရှိသော စစ်သားများသည် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်ကို စိုးရိမ်ရသောကြောင့် သံတံတိုင်းခြံစည်းရိုးများနောက်သို့ နေရာရွှေ့ပြောင်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

တော်ဝင်နန်းတော်ကို စောင့်ကြပ်လျက်ရှိသော တော်ဝင်အစောင့်များသည် ၎င်းတို့၏ တူညီဝတ်စုံများကြောင့် အကြမ်းဖက်သမားများတိုက်ခိုက်လာမည်ကို စိုးရိမ်သဖြင့် လက်နက်ကိုင်ရဲတပ်ဖွဲ့များ၏ စောင့်ရှောက်မှုဖြင့် လူထု၏ အနီးအပါးမှ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

တယ်လီဂရပ်ဖ်သတင်းစာ၏အဆိုအရ အဆိုပါတော်ဝင်အစောင့်အရှောက်များအား အစ္စလာမ့်စစ်အကြမ်းဖက်သမားများက အဓိကပစ်မှတ်များအဖြစ် ရှုမြင်လာမည်ကို ဘက်ကင်ဟမ်နန်းတော်နှင့် ရဲများက စိုးရိမ်နေကြသည်။ ၎င်းအစောင့်များထံတွင်ရှိသော သေနတ်များမှာ ကျည်ထည့်ထားခြင်းမရှိပေ။ မြို့ပြရဲတပ်ဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာနက သတင်းများအပေါ်တွင် မှတ်ချက်ပေးရန် ငြင်းဆိုကြသည်။

ဗြိတိန်က အကြမ်းဖက်မှုတိုက်ဖျက်ရေးနှိုးဆော်မှုကို ဩဂုတ်လတွင် ဒုတိယအမြင့်ဆုံးအဆင့်အထိ တိုးမြှင့်ထားသည်။ ဗြိတိန်နိုင်ငံသည် ဆီးရီးယားနှင့် အီရတ်မှ ပြန်လည်ရောက်ရှိလာသော အစွန်းရောက်ဗြိတိသျှ အကြမ်းဖက်သမားများကြောင့် သမိုင်းတွင် အကြီးမားဆုံးသော အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်ကို ကြုံတွေ့နေရကြောင်း ပြီးခဲ့သည့်လက ကြေညာခဲ့သည်။

ယခုလအစောပိုင်းတွင် ဗြိတိန်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားရာတွင် ဗြိတိန်အနေဖြင့် တစ်ကိုယ်တော်တိုက်ခိုက်ရေးသမားများ၏ အန္တရာယ်ကို ရင်ဆိုင်နေရကြောင်း သိရသည်။ ပြီးခဲ့သော လေးလအတွင်း အာဏာပိုင်များက အကြမ်းဖက်ရန်ကြံစည်မှု လေးခုကို ဖြိုခွင်းနိုင်ခဲ့သည်။ **(ရိုက်တာ)**

# စွမ်းဆောင်ရည်မရှိသူကို ချီးမြှောက်ခြင်းသည် တော်နေသူကိုအပြစ်ပေးခြင်းနှင့်တူ

မန္တလေး ဒီဇင်ဘာ ၃၀

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများက အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ နိုင်ငံ့ဝန်ထမ်းများအားတွေ့ဆုံပွဲကို မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အထက်မြန်မာပြည်အဆင့်ဌာနဆိုင်ရာများ တိုင်းအဆင့်ဌာနဆိုင်ရာများမှ ဌာနပေါင်း ၁၃၆ ခုရှိ အရာထမ်း၊ အမှုထမ်း ၆၂၅ ဦး တက်ရောက်ခဲ့ကြသည်။**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယခုအချိန်အခါသည် နိုင်ငံရေးစနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ကူးပြောင်းနေသော ကာလတစ်ခုဖြစ်ပြီး စိန်ခေါ်မှုများကို အောင်မြင်စွာဖြတ်ကျော်ခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးကို ပြုပြင်ပြောင်းလဲရေး အမှတ်အသားတစ်ခုအနေနှင့် သတ်မှတ်ခံရသည်အထိ အောင်မြင်ခဲ့သည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများထံမှ ရရှိသော အခွန်အခများကို အလုပ်အကျွေးပြုသည့်အနေနှင့်ပြန်ပြီး အလုပ်အကျွေးပြုရန်အတွက် ဝန်ထမ်းလစာပေးခြင်းဖြစ်ကြောင်း၊ အလုပ်အကျွေးပြုရန်တာဝန်များကို တိတိကျကျနှင့် ထမ်းဆောင်ရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် မိမိ၏အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုနေသကဲ့သို့ မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းပြီးလုပ်နိုင်ရန်၊ စွမ်းအင်မြင့်မားရန်လိုအပ်ကြောင်း၊ ရာထူးတိုးမြှင့်ရေးကိစ္စများတွင် စွမ်းဆောင်ရည်အခြေပြုစီမံခန့်ခွဲမှု၊ တစ်နည်း ရလဒ်အခြေပြုစီမံခန့်ခွဲမှုကို ကျင့်သုံးသွားမှာဖြစ်ကြောင်း၊ စွမ်းဆောင်ရည်မရှိသူကို ချီးမြှောက်ခြင်းသည် တော်နေသူကိုအပြစ်ပေးခြင်းနှင့်တူကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ အတွေးအခေါ် အယူအဆပြောင်းလဲဖို့လိုကြောင်း၊ ပြည်သူအခြေပြု စီမံခန့်ခွဲရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် Mind Set များကို ပြုပြင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေနှင့် ဝန်ထမ်းလစာတိုးရေးတစ်ခုတည်းသာ စဉ်းစားရမည်မဟုတ်ဘဲ နောင်ရေးစိတ်အေးရမည့် စနစ်ကောင်းတွေကို ရယူသွားရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေ စုဆောင်းငွေစနစ်က ရေရှည်တွင် အစိုးရဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများအတွက်ပါ ဘဝရေရှည်ရည်မှန်းချက်ကို လျှောက်လှမ်းရန်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေနှင့် နိုင်ငံတော်၏လမ်းညွှန်ချက်များကို စနစ်တကျ အကောင်အထည်ဖော်ရင်း တာဝန်ရှိသည်၊ တာဝန်သိသည်၊ တာဝန်ခံယူသည်၊ တာဝန်ကျေပွန်သည်ဆိုသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားလိုကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများရှိရန် ရာထူးတိုးမြှင့်ရေးကိစ္စရပ်များတွင် စွမ်းဆောင်ရည်အခြေပြု စီမံခန့်ခွဲမှု၊ ရလဒ်အခြေပြုစီမံခန့်ခွဲမှုကို ကျင့်သုံးသွားရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေနှင့် ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ ခံယူချက်ထားပြီး ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့်လည်း ဝန်ထမ်းများ၏နောင်ရေး စိတ်အေးရမည့်အိမ်ရာပိုင်ဆိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများကို အကောင်အထည်ဖော်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများအနေဖြင့်လည်း ကိုယ်တိုင်အရည်အသွေးမြင့်မားရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးကို ဆောင်ရွက်ပြီး အောက်ခြေအဆင့်များအပေါ်တွင် မှန်ကန်သောခေါင်းဆောင်မှုပေးရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဝန်ထမ်းလစာတိုးမြှင့်ပေးနိုင်ရေးနှင့် ပတ်သက်၍ ဝန်ထမ်းမိသားစု၏ ကုန်ကျစရိတ်များကို အထောက်အပံ့ဖြစ်စေနိုင်မည့် အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများလစာတိုးမြှင့်ခြင်းကိစ္စကိုလာမည့်ဘဏ္ဍာရေးနှစ်မှစတင်ပြီး အကောင်အထည်ဖော်ပေးနိုင်ရန် အသေးစိတ်တွက်ချက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ လစာတိုးမည်ဟုအသံထွက်လာတိုင်း ကုန်ဈေးနှုန်းကအရင် ခုန်ခုန်တက်နေသည်ကိုတွေ့ရကြောင်း၊ ပြန်ကြည့်မည်ဆိုလျှင် နိုင်ငံ့ဝန်ထမ်းများသည် နှစ်ရာခိုင်နှုန်းသာရှိပြီး ကျန် ၉၈ ရာခိုင်နှုန်းမှာ ပြည်သူများဖြစ်သည့်အတွက် စာနာဖို့လိုကြောင်း၊ ပြည်သူကိုအလုပ်အကျွေးပြုရမည့်သူများသည် ပြည်သူကို ဒုက္ခပေးမည့်သူများမဖြစ်စေရန် ဆောင်ရွက်ဖို့လိုကြောင်း၊ ဝန်ထမ်းများလစာတိုးမြှင့်ပေးရေးကို အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လစာတိုးမြှင့်ရေးနှင့်အတူ ဝန်ထမ်းများအငြိမ်းစားယူပြီးသည့်အခါ ကိုယ်ပိုင်အိမ်နှင့်နေနိုင်ရေး၊ ကျန်းမာရေးနှင့် သုံးစွဲကုန်ကျမှုများကို အထောက်အပံ့ဖြစ်စေနိုင်မည့် အစီအမံများကို ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဖော်ဆောင်ရာတွင် နိုင်ငံတကာတွင် အောင်မြင်စွာကျင့်သုံးနေပြီး ပြည်သူများ၏အကျိုးစီးပွားကို ဘေးထွက်ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြစ်စေမည့် ဝင်ငွေစုဆောင်းသည့် ရန်ပုံငွေစနစ်တစ်ခု ထူထောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစုဆောင်းငွေနှင့် နေစရာမပူပင်ရဘဲ ရင်သွေးငယ်များ၏ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များတွင် စိတ်ချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်မှုအာမခံစနစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်းအထိ ပညာရေးစနစ်ကို ဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်းပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများ သက်သာချောင်ချိရေးဆိုင်ရာ အခြေအနေများကို ဘဏ္ဍာရေးနှစ်အလိုက် ကိန်းဂဏန်းအချက်အလက်နှင့် ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

● **နောင်ချိုမှ**

ပေးရန်၊ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ အရေးဖြစ်သော ခြောက်ပွင့်ဆိုင်တွေ့ဆုံမှု မဖြစ်နိုင်



သည်ကို နိုင်ငံတော်အစိုးရက အလေးအနက်ထည့်သွင်း စဉ်းစားရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် နိုင်ငံရေးဖြစ်စဉ်များတွင် တိုင်းရင်းသားများအားလုံးပါဝင်ခွင့်ရရှိရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်၊ ခြောက်ပွင့်ဆိုင်အလိုမရှိ၊ တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်ခွင့်ရရှိရေးတို့ကို နိုင်ငံတော်အစိုးရသို့ အသိပေးလိုသည့်အတွက် ယခုကဲ့သို့ ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ဓမ္မာရုံ၌ ဓနုစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌဦးစီး တိုင်းရင်းသား ၃၀၀ ခန့်သည် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စအောင်မြင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ရှမ်းပြည်နယ်နှင့် တိုင်းရင်းသားများအရေးတို့ကို အစိုးရက ဦးဆောင်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် တိုင်းရင်းသားများအားလုံးပါဝင်ရေး၊ ခြောက်ပွင့်ဆိုင်အလိုမရှိ အစရှိသည့် အချက်(၅)ချက်ပါဝင်သော တောင်းဆိုချက်များဖြင့် စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက်သုံးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့




ROBINSON Business School

Robinson Business School, Yangon တွင်
ဩစတြေးလျနိုင်ငံ Victoria University မှတိုက်ရိုက်ချီးမြှင့်ပေးအပ်သော
နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးဘွဲ့များကို အချိန်တိုအတွင်းတက်ရောက်သင်ယူနိုင်ပါပြီ

Official Partner of
Victoria University
The School of Management

Fast Track
MBA
Master of Business Administration
General Management
Hospitality Management

Int'l
BBA
Bachelor of Business Administration
IGCSE / တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

သင့်အတွက် Scholarship ၁၅သိန်း

09-4319 6211
09-4200 53536

FREE
Consultation and Entrance Test

RBS City Campus
#206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com

# ကုမ္ပဏီဖွဲ့စည်းခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအကြောင်း တစေ့တစောင်း

**အီဟန်(DICA)**

မြန်မာနိုင်ငံမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရေရှည် ထိန်းသိမ်းထားနိုင်ဖို့ဆိုရင် စီးပွားရေးလုပ်ကိုင်သည့် အဖွဲ့အစည်းတွေရဲ့ ရှင်သန်ရပ်တည်နိုင်မှုဟာ အဓိကကျတဲ့ အခန်းကဏ္ဍမှ ပါဝင်နေပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးအဖွဲ့အစည်းတွေ တရားဝင်ရှင်သန်ရပ်တည်နိုင်ဖို့အတွက် ဖွဲ့စည်းမှတ်ပုံတင်ရာတွင် အဓိကကျတဲ့ ဥပဒေဟာ ၁၉၁၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပဲဖြစ်ပါတယ်။ အဆိုပါကုမ္ပဏီအက်ဥပဒေဟာ လွတ်လပ်ရေးမရခင်ကတည်းက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရန်၊ မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးလုပ်ငန်းစုဖြစ်သော အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေဖို့နဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အားပေးရန်အတွက် ခေတ်စနစ်နဲ့လျော်ညီစေမယ့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်လိုအပ်လာပြီဖြစ်ပါတယ်။ ယခုအခါမှာတော့ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲဖို့ အာရှဖွံ့ဖြိုးရေးဘဏ် ADB ရဲ့ အကူအညီနဲ့ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်နိုင်မှုမှာ ထိပ်ဆုံးနေရာက ရပ်တည်နေတဲ့ စင်ကာပူနိုင်ငံကလည်း ၎င်းတို့ရဲ့ ကုမ္ပဏီဥပဒေကို ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေကြောင်းကို The Straits Times သတင်းစာမှာ ဖော်ပြထားတဲ့ သတင်းဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရတဲ့အတွက် အဲဒီဆောင်းပါးပါ အချက်တွေကို အများပြည်သူ ဗဟုသုတရရန်အလို့ငှာ ဝေမျှပေးလိုက်ပါတယ်။

စင်ကာပူနိုင်ငံမှာ ၁၉၆၇ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့တဲ့ ၎င်းတို့ရဲ့ ကုမ္ပဏီဥပဒေကို ခုနစ်နှစ်ကြာလေ့လာသုံးသပ်မှုတွေ ပြုလုပ်ပြီးနောက်မှာတော့ ပြင်ဆင်မှု တော်တော်များများကို ပြုလုပ်ရန်ဆုံးဖြတ်ခဲ့ပါတယ်။ ဒီလိုဆုံးဖြတ်ခဲ့တဲ့အတွက် ၂၀၀၇ ခုနှစ် အောက်တိုဘာလမှာ စင်ကာပူဘဏ္ဍာရေးဝန်ကြီးက ကုမ္ပဏီဥပဒေကို ပြန်လည်သုံးသပ်ဖို့ ဦးဆောင်ကော်မတီတစ်ခုကို Singapore Institute of Directors(SID) မှ Honorary fallow Professorကို ဦးဆောင်စေပြီး စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ခြင်းနဲ့လုပ်ငန်း ထူထောင်ခြင်းတို့တွင် ထိရောက်တဲ့ စည်းမျဉ်းမူဘောင်ချမှတ်ရန် ဖွဲ့စည်းခဲ့ပါတယ်။

အဆိုပါကော်မတီဟာ မူဝါဒပိုင်းဆိုင်ရာ အခက်အခဲတွေကို ဖယ်ရှားရန်၊ လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်သာကိုင်သာရှိမှုကို မြှင့်တင်ရန်၊ ဒါရိုက်တာတွေရဲ့ တာဝန်ကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်စေရန်နဲ့ လုပ်ပိုင်ခွင့်များကို ရှင်းလင်းစေရန် မလိုလားအပ်တဲ့ လုပ်ထုံးလုပ်နည်း အတားအဆီးများကို ဖယ်ရှားရန် အချက်အလက်များရှာဖွေနေဆဲမှာပဲ ကုမ္ပဏီအက်ဥပဒေရဲ့ အားနည်းချက်တွေကိုလည်း ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ကော်မတီဟာ အဲဒီဥပဒေကို မပြင်ဆင်ခင် အများပြည်သူရဲ့ အကြံဉာဏ်တွေကိုလည်း ရယူခဲ့ပြီး ကုမ္ပဏီအက်ဥပဒေပြင်ဆင်တဲ့ မူကြမ်းကို ချမှတ်နိုင်ခဲ့ပါတယ်။ စီးပွားရေးပိုမိုအဆင်ပြေမှုကို မြှင့်တင်ရန်နဲ့ စည်းမျဉ်းစည်းကမ်းအတားအဆီးတွေ ဖယ်ရှားရန်အတွက်ပြုလုပ်ခဲ့တဲ့ ပြောင်းလဲခဲ့မှုတွေအနက် အဓိကပြောင်းလဲမှုအချို့ကို ဖော်ပြရမယ်ဆိုရင် ပထမဆုံးအနေနဲ့ အသေးစားကုမ္ပဏီတွေအတွက် ကုန်ကျစရိတ်များ လျှော့ချပေးခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် ပြောရရင်ပုဂ္ဂလိကကုမ္ပဏီတစ်ခုဟာ ဒေါ်လာ ၁၀ သန်းထက်မကျော်လွန်တဲ့ နှစ်စဉ်ဝင်ငွေ သို့မဟုတ် စုစုပေါင်းပိုင်ဆိုင်မှုသို့မဟုတ် အလုပ်သမားအင်အား ၅၀ ထက်မပိုတဲ့ စံသတ်မှတ်ချက် သုံးခုအနက် နှစ်ခုနဲ့ ပြည့်စုံပါက နှစ်နှစ်ဆက်တိုက်စာရင်းစစ်ခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီအားလုံး (စတော့အိတ်ချိန်းတွင် စာရင်းမသွင်းသည့် ကုမ္ပဏီအပါအဝင်) သည် ငွေကြေးဖော်ပြချက် အကျဉ်းချုပ်အား အဖွဲ့ဝင်များသို့ ပေးပို့ရမှာဖြစ်ပါတယ်။ စာရင်းမသွင်းသည့် ကုမ္ပဏီများသည်ပစ္စည်းပိုင်ဆိုင်မှု ဒေါ်လာ ၅၀၀၀၀၀ ထက်မပိုလျှင် ငွေကြေးဖော်ပြချက် (Financial Statement)စာရင်းပြုစုခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေလျှော့ပေးခြင်းဖြစ်ပါတယ်။ ပုဂ္ဂလိက ကုမ္ပဏီများဟာ ယင်းရဲ့ အဖွဲ့ဝင်များအတွက်မှတ်ပုံတင်ရန် မလိုအပ်တော့ဘဲ စင်ကာပူနိုင်ငံရဲ့ ကုမ္ပဏီမှတ်ပုံတင်ရုံးဖြစ်တဲ့ The Accounting and Corporate Regulatory Authority(ACRA)မှ ဒါရိုက်တာများ၊ အတွင်းရေးမှူးများ၊ စာရင်းစစ်များနဲ့ CEOs တို့ရဲ့ မှတ်ပုံတင်ခြင်းကို electronic record ဖြင့် ထိန်းသိမ်းထားရှိခြင်းဖြစ်ပါတယ်။ အဆိုပါ မှတ်တမ်းကို ရှယ်ယာလွှဲပြောင်းခြင်းနဲ့ ရှယ်ယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်ပုံတင်သည့် အချိန်တွင် အများပြည်သူများမှ အဆိုပါ မှတ်တမ်းအား ကြည့်ရှုခွင့်ပေးထားပါတယ်။ ဒါ့အပြင် ယင်းဥပဒေတွင် ဒါရိုက်တာများခန့်အပ်ခြင်း သို့မဟုတ် အထွေထွေအစည်းအဝေးများ ကျင်းပရန် ကုမ္ပဏီကငြင်းဆန်သည့် အခြေအနေမျိုးတွင် ကုမ္ပဏီရဲ့ စာရင်းစစ်များကို နုတ်ထွက်ရန်အတွက် ခွင့်ပြုပေးမှာဖြစ်ပါတယ်။ သို့ရာတွင် ကုမ္ပဏီသည် စင်ကာပူစတော့အိတ်ချိန်းတွင် စာရင်းသွင်းထားပါက The Accounting and Corporate Regulatory Authority (ACRA) ၏ သဘောတူညီမှုလိုအပ်မှာဖြစ်ပါတယ်။

ဤပြင်ဆင်လိုက်သော ဥပဒေအရ အီလက်ထရွန်နစ်နည်းပညာသုံး ဆက်သွယ်ခြင်းများကို ဆောင်ရွက်နိုင်ပြီး အဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် အီလက်ထရွန်နစ်ဆက်သွယ်ခြင်းဖြင့် အကြောင်းကြားစာ သို့မဟုတ် စာရွက်စာတမ်း အထောက်အထားများကို အဖွဲ့ဝင်များသို့ပေးရန် ခွင့်ပြုပေးထားပါတယ်။ သို့ရာတွင် အဖွဲ့ဝင်တစ်ဦးဟာ ကုမ္ပဏီဖွဲ့စည်းပုံတွင် အီလက်ထရွန်နစ် နည်းအသုံးပြုရန် သတ်မှတ်ထားရင် အဖွဲ့ဝင်ဟာ အထောက်အထား စာရွက်စာတမ်း မိတ္တူကို ထုတ်ပေးရန် သွယ်ဝိုက်သောနည်းဖြင့်သဘောတူပြီးဖြစ်ပါတယ်။ သို့ရာတွင် စာရွက်စာတမ်း မိတ္တူမှန်ကို တောင်းခံခွင့်မရှိပါ။

ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်များကိုလည်း ဖြေလျှော့ပေးခဲ့ပြီးဖြစ်ပါတယ်။ Showing cause အတွက် အချိန်ကာလကို သုံးလမှ ရက်ပေါင်း ၆၀ သို့ လျှော့ချခဲ့ပြီး ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနဲ့စပ်လျဉ်း၍ နစ်နာသူက တရားရုံးသို့ အယူခံသည့် အချိန်ကာလကို ၁၅ နှစ်မှ ၆ နှစ်သို့ လျှော့ချခဲ့ပါတယ်။

ဒါ့အပြင် ဒီဥပဒေဟာ ကုမ္ပဏီများရဲ့ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းအား ပေါင်းစည်းပြီး constitution အနေဖြင့် တစ်ခုပဲထားရှိမှာဖြစ်ပါတယ်။ အဆိုပါ constitution ကို စံနမူနာ ပုံစံပြဋ္ဌာန်းပေးထားမှာ ဖြစ်ပါတယ်။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့ရဲ့ Constitution ရေးဆွဲရာတွင် အဆိုပါ နမူနာပုံစံကို လိုအပ်သလို ချမှတ်ရန် ရွေးချယ်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ဒီဥပဒေဟာ ကော်ပိုရိတ် ရန်ပုံငွေထူထောင်ခြင်းနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းအများအပြားအတွက် ပိုမိုလွယ်ကူစေမှာဖြစ်ပါတယ်။ ယခုအခါ စာရင်းမတင်ရသေးတဲ့ အများပိုင်ကုမ္ပဏီတွေဟာ မတူညီတဲ့ မဲပေးခွင့်ဖြင့် အစုရှယ်ယာများကို ထုတ်ပေးနိုင်ပြီးဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါမဲပေးခွင့်သည် အချို့သော အခြေအနေများကို လိုက်နာရန်လိုအပ်ပါတယ်။ ဥပမာအားဖြင့် အစုရှယ်ယာထုတ်ယူရန် အစုရှယ်ယာရှင်ရဲ့ အတည်ပြုချက် ရယူရန်လိုအပ်တဲ့ အခြေအနေမျိုးနဲ့ ကုမ္ပဏီရဲ့ဖွဲ့စည်းပုံတွင် ရှယ်ယာအဆင့်အတန်း သတ်မှတ်ရန် အခြေအနေမျိုးတို့ဖြစ်ပါတယ်။ ထို့ပြင် မဲပေးပိုင်ခွင့်မရှိတဲ့ ရှယ်ယာကိုင်ဆောင်သူများဟာ ကုမ္ပဏီဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်တဲ့အခါ မဲပေးပိုင်ခွင့်ရှိတဲ့ ရှယ်ယာကိုင်ဆောင်သူများနည်းတူ တူညီစွာမဲပေးခွင့်ရှိလာမှာဖြစ်ပါတယ်။

ထို့အပြင် အဆင့်ဆင့်ကိုယ်စားလှယ်များဖြင့် မဲပေးသည့်စနစ်ကို သွယ်ဝိုက်ရင်းနှီးမြှုပ်နှံသူများကိုပါ မဲပေးခွင့်ပေးခဲ့ပါတယ်။ ယခုအခါ ကြားဝင်ဆောင်ရွက်သူတွေက ကိုယ်စားလှယ်နှစ်ဦးထက်ကျော်လွန်ပြီး ခန့်အပ်နိုင်ပြီဖြစ်ပါတယ်။ ကြားဝင်ဆောင်ရွက်သူများဟာ အဓိကအားဖြင့် CPF Board၊ ဘဏ်များနှင့် Custodial ဝန်ဆောင်မှုကိုပေးတဲ့ အခြားကုမ္ပဏီများမှ ဖြစ်ကြပါတယ်။ အဆိုပါ ကိုယ်စားလှယ်ခန့်အပ်ရန် ကိုယ်စားလှယ်တင်သွင်းမှုအတွက် ၇၂ နာရီကြာမြင့်မှုမရှိတော့ဘဲ ကိုယ်စားကိုင်ဆောင်သူသည်လည်းပဲ ဆန္ဒမဲပေးခြင်းအစား လက်အမှုအရာဖော်ပြခြင်းဖြင့် မဲပေးနိုင်ပြီဖြစ်ပါတယ်။

ယခင်က ပုဂ္ဂလိကကုမ္ပဏီ၏ ပိုင်ဆိုင်မှုသို့မဟုတ် မိခင်ကုမ္ပဏီ၏ ရှယ်ယာကို ရယူရာတွင် ငွေကြေးအကူအညီပေးမှုကို ကန့်သတ်ထားခဲ့ပေမယ့် ယခုအခါ ဖယ်ရှားပေးလိုက်ပြီဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများအတွက်မူ ယခင်ကန့်သတ်ချက်ဟာ ဆက်လက်တည်ရှိနေဆဲဖြစ်ပါတယ်။ သို့ရာတွင်ခြွင်းချက်အနေဖြင့် အများပိုင်ကုမ္ပဏီများအတွက် အဆိုပါ ငွေကြေးအကူအညီပေးမှုဟာ ကုမ္ပဏီ၊ ရှယ်ယာရှင်များ(သို့မဟုတ်) မြီရှင်များ၏ အကျိုးစီးပွားကို မထိခိုက်လျှင်မူပေးနိုင်ပါတယ်။

အထက်ပါပြင်ဆင်ချက်များဟာ ခေတ်ကာလအလျောက် ပြောင်းလဲလာတဲ့ စီးပွားရေးတောင်းဆိုမှုကို လိုက်လျောညီထွေဖြစ်စေပြီး လုပ်ဆောင်နိုင်စွမ်းရည် တိုးမြှင့်စေသည့်အတွက် ဒါရိုက်တာများအဖို့ အကျိုးရှိစေမှာဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါပြင်ဆင်မှုများသည် ဒါရိုက်တာများနှင့် ၎င်းတို့၏ တာဝန်နှင့်ပေးရန်တာဝန်ရှိမှုတို့အပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ ကုမ္ပဏီအက်ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေဟာ စီးပွားရေးလုပ်ငန်းများအဆင်ပြေချောမွေ့စေရေး၊ မူဝါဒစည်းမျဉ်းစည်းကမ်းများဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများအား နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးတာ ပြုပြင်ပြောင်းလဲမှု တစ်ရပ်ဖြစ်တာကို သုံးသပ်တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ကုမ္ပဏီဥပဒေကို ပြင်ဆင်ရေးဆွဲနေရာမှာ စင်ကာပူနိုင်ငံက ကုမ္ပဏီဥပဒေပြုပြင်ပြောင်းလဲမှုနဲ့ အတော်လေးတူညီမှုရှိနေတာကို သုံးသပ်တွေ့ရှိရပါတယ်။ ကုမ္ပဏီဥပဒေပြုပြင်ပြောင်းလဲမှုရဲ့ အဓိကကျတဲ့ အခြေခံကတော့ မူဝါဒစည်းမျဉ်းဆိုင်ရာ ဝန်ထုပ် ဝန်ပိုးတွေကို လျှော့ချပြီး လုပ်သာကိုင်သာရှိတဲ့ ပတ်ဝန်းကျင်ဖန်တီးပေးခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ရေးဆွဲနေတဲ့ ကုမ္ပဏီဥပဒေမူကြမ်းကို www.dica.gov.mm တွင် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားပြီး မကြာမီ မြန်မာဘာသာဖြင့် ဆက်လက်ဖော်ပြသွားရန်ရှိပါတယ်။ အများလက်ခံဆောင်ရွက်နိုင်တဲ့ ဥပဒေကောင်းတစ်ခုအဖြစ်ပေါ်ပေါက်လာရန် အများပြည်သူရဲ့ အကြံပြုချက်တွေကိုလည်း လက်ခံနေပါကြောင်း ယခုဆောင်းပါးဖြင့် အသိပေးတင်ပြလိုက်ရပါတယ်။ ။

## ၂၀၁၅ ခုနှစ်တွင် လူကြိုက်များသော အစားအစာများကို မှာယူစားသုံးနိုင်တော့မည့် မြန်မာ့စာတိုက်လုပ်ငန်းဝန်ဆောင်မှုအသစ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာ့ စာတိုက်လုပ်ငန်း၏ Hometown Product Delivery ဝန်ဆောင်မှုလုပ်ငန်းအသစ် (Value Added Service) တစ်ရပ်အနေဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့မှ လူကြိုက်များသော အစားအစာများဖြစ်သည့် ပဲပုပ်၊ ခေါပုတ်၊ မုန်ညင်းချဉ်၊ ကြက်သွန်ချဉ်၊ ဆီတိုဟူး စသည်တို့ကိုလည်းကောင်း၊ ရန်ကုန်မြို့မှ လူကြိုက်များသော အစားအစာများဖြစ်သည့် ဂျေဒိုးနတ်၊ ပုစွန်ခြောက်၊ ငါးနီတူခြောက်၊ အာပြဲခြောက်၊ မုန့်ဟင်းခါးခြောက် စသည်တို့ကိုလည်းကောင်း ရန်ကုန်စာတိုက်ကြီး၏ ဖုန်း-၀၁-၃၈၀၂၅၇ နှင့်တောင်ကြီးစာတိုက်ကြီး၏ ဖုန်း-၀၈၁-၂၁၂၁၅၀၆ တို့သို့ ဆက်သွယ်မှာယူပါက လူကြီးမင်းတို့အိမ်ဂေဟာသို့ ယနေ့ပို့ မနက်ဖြန်အရောက် ပို့ဆောင်ပေးမည့် အမြန်ချောပို့စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းသစ်တစ်ရပ်ကို ဇန်နဝါရီ ၁ ရက် (ကြာသပတေးနေ့)မှစတင်၍ နှစ်သစ်ကူး ဝန်ဆောင်မှုအသစ်တစ်ရပ်အနေဖြင့် မြန်မာ့စာတိုက်လုပ်ငန်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

VICTORIA ကုန်တိုက်
တစ်နေရာတည်းမှာ ပြီးပြည့်စုံစေတဲ့ " ဗစ်တိုးရီးယား " ကုန်တိုက်မှာ ဈေးဝယ်ပါ။
Happy New Year
ဈေးရောင်းပွဲတော် (27 - 12 - 2014 to 5 - 01 - 2015)
အလှကုန်၊ စားသောက်ကုန်၊ လူသုံးကုန်၊ ပရိဘောဂ၊ လျှပ်စစ်ပစ္စည်း၊ အဝတ်အထည်မျိုးစုံ တို့ကိုအထူးရောင်းချပေးပါမည်။
(27 - 12 - 2014)(1-1-2015)(5-1-2015) နေ့များတွင် Model Show, Starlet Sky Kids Show,
အိပ်မက်ဆုံရာမှ တေးသံရှင်များ ၏ဖျော်ဖြေမှုအစီအစဉ်များပါဝင်ပါမည်။
Ph : 689371, 689372

## ပြည်တွင်းရေးရာ

### မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၁-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၃၀ ဖြူ/မည်းရုပ်ရှင် "မှဲ့တစ်ပေါက်" (ညွန့်ဝင်း၊ ဒေစီကျော်ဝင်း) (ဒါရိုက်တာ-ခင်စိုး)
၅း၁၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ)(သင်္ချာ)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
၉း၃၀ သုခုမရင်ခွင်အငြိမ့်သဘင် "မန္တလေးစတားအငြိမ့်" (မင်းသမီး-ကြည်ဖြူမန်းဝင်း၊ လူရွှင်တော်-ချစ်စရာ၊ ထင်ပေါ်၊ ပေါ်စိန်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ဂုဏ်ယူဝင့်ကြွား မြန်မာ့ရှေးဟောင်းမြို့တော်များ
- ASEAN Summit
- U-19 အားကစားအောင်ပွဲ
- ပြည်သူတို့ရဲ့စကားသံများ(၂၀၁၄ မှတ်တမ်းများ)
- ဒီမိုကရေစီနိုင်ငံတော်ရဲ့ ၂၀၁၄ ခုနှစ် သမိုင်းမှတ်တမ်းများ
- တေးဂီတအစီအစဉ်
- New Year Count Down
- နှစ်သစ်ဆုတောင်း




(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

# သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းနှင့် ဒေသခံပြည်သူတို့၏ ပီတိစကားသံများ

သတင်းအဖွဲ့

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်တွင် အဆိုပါစီမံကိန်းပရဝဏ်၌ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ စီမံကိန်းတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စီမံကိန်းနှင့်ပတ်သက်သည့် ခံစားချက်များကို မေးမြန်းလေ့လာဖြစ်ခဲ့သည်။


ဦးစိုးဝင်း(အုပ်ချုပ်ရေးမှူး၊ နဂါးမောက်ကျေးရွာအုပ်စု)


ဦးညို(ခ)ဦးသိန်းဝင်း [တောင်ညွန့်(၁၉)ရပ်ကွက်]


ဦးစိန်ဝင်း [အုပ်ချုပ်ရေးမှူး၊ တောင်ညွန့်အမှတ်(၂၀)ရပ်ကွက်]


ဒေါ်ခင်အေး (ကံရိုးကျေးရွာ၊ တောင်ငူ)


မရည်ရွှယ်ရှိုင်း(ဒိုးဆောင်ကျေးရွာ၊ ထန်းတစ်ပင်မြို့နယ်)

**ဦးစိန်ဝင်း[အုပ်ချုပ်ရေးမှူး၊ တောင်ညွန့် အမှတ်(၂၀)ရပ်ကွက်]**

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်ခဲ့တဲ့အတွက် နွေစပါးတွေ စိုက်ပျိုးနိုင်ရုံသာမကဘဲ မိုးရာသီရေကြီးမှုကို ကာကွယ်ပေးပြီးဖြစ်သလို စိုက်ပျိုးရေးလုပ်ငန်းတွေ ပိုအောင်မြင်လာမယ်လို့ ထင်ပါတယ်။ တောင်ငူမြို့သာမက ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးမှာပါ လျှပ်စစ်မီးတွေ ပိုရလာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုတွေ ပြည့်စုံရရှိလာမှာဖြစ်ပါတယ်။ ယခင်နှစ်အခြေအနေများထက် ဖွံ့ဖြိုးတိုးတက်မှုတွေများလာတာကို တွေ့ရပါတယ်။ အရင်က မရှိခဲ့ဖူးတဲ့ ကျေးရွာတွေအားလုံးမှာဆိုရင် တော်တော်ပြည့်ပြည့်စုံစုံလေးတွေ လျှပ်စစ်ရှိလာခဲ့ပါပြီ။ ဒီရေအားလျှပ်စစ်စီမံကိန်းကြီးမလုပ်ခင်ကဆိုရင် တောင်ငူမြို့ရဲ့ လယ်ဧရိယာတွေဟာ များသောအားဖြင့် ရေကြီးမှုဒဏ်ခံရတယ်ခင်ဗျ။ အခုလိုစီမံကိန်းကြီးပေါ်လာလို့ ရေကို ထိန်းထားနိုင်မယ်ဆိုရင် မိုးစပါးအပြင် နွေစပါးပါ စိုက်ပျိုးရရှိနိုင်မယ်။ နွေရာသီစိုက်ပျိုးတဲ့ သီးနှံတွေပါ အောင်မြင်လာမှာမို့လို့ တောင်သူလယ်သမားတွေနဲ့တကွ အားလုံးသောပြည်သူတွေ စိတ်ချမ်းသာပျော်ရွှင်လိမ့်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျ။

**ဦးညို(ခ)ဦးသိန်းဝင်း [တောင်ညွန့်(၁၉)ရပ်ကွက်]**

ဒီစီမံကိန်းကြီးဖြစ်ပေါ်လာလို့ ကျွန်တော်တို့ နယ်သူနယ်သားတွေ အလွန်ဝမ်းသာနေပါတယ်။ လျှပ်စစ်မီးရရှိမယ်ဆိုလို့ပိုပြီးဝမ်းသာပါတယ်။ လယ်သမားတွေအတွက်လည်း ဒီဆည်ကနေ ရေတွေလွှတ်ပေးမှာဖြစ်တဲ့အတွက် စိုက်ပျိုးရတာ ပိုကောင်းမှာမို့လို့ ဝမ်းသာနေပါတယ်။ နိုင်ငံတစ်ဝန်းမှာ ဒီလိုစီမံကိန်းမျိုးတွေ များများပေါ်လာပြီး လျှပ်စစ်ဓာတ်အားတွေ အများကြီးရရှိမယ်ဆိုရင် ပိုပြီးဝမ်းသာကျေနပ်မိပါတယ်။

**ဦးစိုးဝင်း(အုပ်ချုပ်ရေးမှူး၊ နဂါးမောက်ကျေးရွာအုပ်စု)**

ကျွန်တော်တို့ကျေးရွာမှာ အခုတော့ ရွှေစွမ်းအင်ကုမ္ပဏီက လျှပ်စစ်မီးရဖို့ ဆောင်ရွက်ပေးနေပါတယ်။ မီးလည်း လင်းနေပါပြီ။ လမ်းတွေ၊ တံတားတွေ၊ ကျောင်းတွေကိုလည်း အားလုံးပြည့်စုံအောင်လုပ်ပေးထားပါတယ်။ လျှပ်စစ်မီးရရှိတဲ့အတွက် လူနေမှုအဆင့်အတန်းကတော့ မြင့်လာပါတယ်။ လမ်းပန်းအဆက်အသွယ်ကောင်းတော့လည်း သွားလာလို့ကောင်းတာပေါ့။ အခုဆို ဒေသခံတွေအနေနဲ့ စီးပွားရေး၊ လူမှုရေးတွေ အစစအရာရာမှာ တိုးတက်လာနေပါတယ်။ လျှပ်စစ်မီးလည်း ရတယ်။ လမ်းလည်းကောင်းတယ်ဆိုတော့ ဒေသဖွံ့ဖြိုးရေးက တော်တော်ကောင်းလာပါတယ်။

**မရည်ရွှယ်ရှိုင်း(ဒိုးဆောင်ကျေးရွာ၊ ချောင်းဝကျေးရွာအုပ်စု၊ ထန်းတစ်ပင်မြို့နယ်)**

မိဘတွေက ဥယျာဉ်ခြံရော လယ်ယာလုပ်ငန်းပါ လုပ်ပါတယ်။ ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပေါ်လာလို့ နွေစပါး၊ မိုးစပါးအဆင်ပြေလာပါတယ်။ အရင်ကဆို နွေစပါး၊ မိုးပါရဖို့ မလွယ်ပါဘူး။ အခုဆို ကျေးရွာလည်း ဖွံ့ဖြိုးတိုးတက်လာပါတယ်။ အရင်ကဆို မီးမရတော့ မတိုးတက်နိုင်ပေမယ့် အခုဆို တစ်ရွာလုံး မီးလင်းလာသလို ဒေသဖွံ့ဖြိုးတိုးတက်လာလို့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဦးအုံ့မောင်[စီမံကိန်းမန်နေဂျာ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေစွမ်းအင်ကုမ္ပဏီ]**

ဒီစီမံကိန်းမှာ (၄၀)မဂ္ဂါဝပ်စီ ထုတ်လုပ်ပေးနိုင်တဲ့ တာဘိုင်သုံးလုံးကို ဒေါင်လိုက်ဖရက်ဆင့် တာဘိုင်သုံးလုံး တပ်ဆင်ထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ ငါးနှစ်နဲ့ ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ စက်ရုံက ထွက်တဲ့ ဓာတ်အားအားလုံးကို နေရှင်နယ်ဂရစ်ထဲ ထည့်ပေးရပါတယ်။ အဲဒီကနေမှ အနားမှာရှိတဲ့ နဂါးမောက် ထုံးဘိုဒေသကျေးရွာ ငါးရွာ၊ အိမ်ခြေ ၂၂၅ အိမ်ကို ကျွန်တော်တို့ မီးပေးထားပါတယ်။

ဟိုတုန်းကတော့ ထုံးဘို နဂါးမောက်ဆိုတာ လှည်းနဲ့လာ၊ ကားနဲ့လာသလို ဂျစ်ကားနဲ့လာပါတယ်။ အခုတော့ ကျွန်တော်တို့ကုမ္ပဏီက စီမံကိန်းအတွက် လမ်းဖောက်ရင်းနဲ့ ကတ္တရာလမ်းအဆင့်ထိအောင် မြှင့်ပေးထားတဲ့အတွက် သူတို့လည်းပဲ ဆိုင်ကယ်ကိုယ်စီနဲ့ သွားရေးလာရေး အဆင်ပြေလာတယ်။ အလားတူပဲ ဒေသဖွံ့ဖြိုးရေးဖြစ်တဲ့ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းတွေမှာလည်း ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာတယ်လို့ တွေ့မြင်မိပါတယ်ခင်ဗျ။


ကျွန်တော်တို့နိုင်ငံက လျှပ်စစ်ဓာတ်အားကို တစ်ဦးချင်းသုံးစွဲမှုမှာ အင်မတန်မှ နိမ့်ကျနေပါတယ်။ ဒီအတွက် ကျွန်တော်တို့အပါအဝင် တိုးတက်ပြီးတော့ သုံးစွဲခွင့်၊ သုံးစွဲလို့ ရနိုင်တော့မှာဖြစ်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။

**ဒေါ်ခင်အေး (ကံရိုးကျေးရွာ၊ တောင်ငူ)**


အမေတို့ဆီမှာ အရင်ကဆို ရေတွေ အရမ်းကြီးတယ်လေ။ မိုးတွင်းဆိုရင် လယ်တွေ ပျက်စီးတာပေါ့နော်။ အခုလိုမျိုးလေး ရေကိုသိုလှောင်ပြီးတော့ ရေအားလျှပ်စစ်စီမံကိန်းလုပ်လိုက်တော့ ရေကြီးတာလည်း နည်းနည်းထိန်းသွားတာပေါ့။ မနှစ်ကဆို ရေကြီးတာ လုံးဝမရှိခဲ့ဘူး။ လယ်သမားတွေ၊ တောင်သူတွေ အလွန်ဝမ်းသာတယ်။

အခုဆိုရင် မိုးစပါးစိုက်နိုင်နေပါပြီ။ အရင်တုန်းကဆိုရင် လယ်ရေနစ်ကွင်းဘက်ကပဲ စိုက်နိုင်တယ်။ အခုဆိုရင် ဟိုဘက်ကုန်းပြင်ကွင်းမှာပါ နွေစပါး စိုက်လို့ရပြီ။ ဒီအတွက် ပီတိဖြစ်ပါတယ်။ နိုင်ငံတော်က အခုလိုတောင်သူတွေအတွက် ဦးစားပေးပြီးလုပ်ပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ရွာအတွက်လည်း ကျေးဇူးတင်ပါတယ်။ ပြီးတော့ ဒီတောင်ငူမြို့တစ်ဝိုက်မှာလည်း ဒီလိုထွန်းကားလာတဲ့အတွက် အလွန်လည်း ပျော်ပါတယ်။ ပီတိလည်း ဖြစ်ပါတယ်။ ❒


နေပြည်တော်(၂) ဖုန်း - 251277, 251288 | မင်္ဂလာ (၂) ဓဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၃၂၅၄၀၉၁, ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာ စံပြ ဖုန်း - ၀၉၇၃၁၇၆၀၀၀, ၀၉၇၃၁၇၆၁၁၁, ၀၉၇၃၁၇၆၂၂၂ | မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁, ၀၉၄၀၂၇၆၅၆၄၂




ရွှေဆောင်(၁) ၀၁-၂၅၂၁၁၃, ၀၁-၃၈၈၀၁၄ | မင်္ဂလာ စံပြ ဖုန်း - ၀၉၇၃၁၇၆၀၀၀, ၀၉၇၃၁၇၆၁၁၁, ၀၉၇၃၁၇၆၂၂၂ | မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁, ၀၉၄၀၂၇၆၅၆၄၂




နေပြည်တော်(၁) ဖုန်း - 251277, 251288 | မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁, ၀၉၄၀၂၇၆၅၆၄၂ | မဟာမြိုင် (အင်းစိန်)၊ မြသုခ (တောင်ကြီး) အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင်လည်း တစ်ပြိုင်တည်းပြသမည်









နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သောက်ရေခပ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

မိမိတို့တာဝန်ယူထားသည့် ကာလအတွင်း ပြည်သူများ၏ စားဝတ်နေရေး၊ လူမှုစီးပွားဦးစားပေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ အလုပ်အကိုင်များ တိုးတက်ရရှိနိုင်မည့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် မဟာဓာတ်အားလိုင်းများမှတစ်ဆင့် ဖြန့်ဖြူးခြင်းများ ဆောင်ရွက်နေသကဲ့သို့ မဟာဓာတ်အားလိုင်းများနှင့် အလှမ်းလျက်ရှိပါကြောင်း၊ ထို့အပြင် နေရောင်ခြည်သုံး ဓာတ်အားစနစ်များကိုလည်း တစ်ဖက်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း လေအားအသုံးပြု ဓာတ်အားပေးစက်ရုံများလည်း တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရွှေစွမ်းအင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အခက်အခဲများနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်အတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့မှုကျသည့် ဆုံမှတ်နှစ်ခုဖြစ်သော တိုင်းပြည်တည်ငြိမ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးပေးကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ မိမိတို့ဆောင်ရွက်နေသည်ကိုလည်း ပြည်သူအများသိရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးအရ တည်တည်ငြိမ်ငြိမ်ဖြစ်စေရန်နှင့် အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်အတွက် အကျဉ်းသားပေါင်းမြောက်မြားစွာကို လွှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတွင် အဓိကကျသည့်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကွာသည့်နေရာများတွင် အသေးစားရေအားလျှပ်စစ်စနစ်နှင့် ဓာတ်အားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသဖြစ်သည့် လေရှီး၊ လဟယ်၊ နန်းယွန်းမြို့တို့တွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ကချင်ပြည်နယ် ပူတာအိုဒေသတွင်လည်း အထက်နမ့်ထွမ် အသေးစားရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနှင့် အောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုအတွက် အဓိကကျသည့် တူညီသည့် ဆုံမှတ်နှစ်ရပ်ကို ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ မိမိတို့အစိုးရသက်တမ်း ငါးနှစ်တာကာလတွင် လက်ရှိ၌ လေးနှစ်တာကာလအတွင်းသို့ ချဉ်းနင်းရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ကုန်ဆုံးခဲ့သည့် လေးနှစ်တာကာလအတွင်း ပြည်သူလူထုအတွက် အဓိကခဲ့ပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ငြိမ်းချမ်းရေးရရှိစေရေးကို ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

ဒုတိယအချက်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်တိုးတက်လာစေရန်လိုအပ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေးအားဖြင့် အလွန်ကောင်းမွန်သည့် တိုင်းဒေသကြီးတစ်ခု ဖြစ်ပါကြောင်း၊ ရာသီအချိန်မရွေး သွားလာနိုင်သည့် အနေအထားရှိပြီး တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက် အချိန်မရွေး သွားလာနိုင်ပါကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်မှာ လျှပ်စစ်မီးဖြစ်ပါကြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးရရှိခြင်းအားဖြင့် အခြေခံအကျဆုံးဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ အသိပညာဆည်းပူးလေ့လာနိုင်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးတို့အား အကျိုးပြုနိုင်မည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးရရှိပါကလည်း မိမိတင်ပြခဲ့သည့် အနေအထားမျိုးဖြင့် ကျေနပ်မနေသင့်ဘဲ မိမိဒေသအတွင်းသာမက ပြည်သူများအတွက်ပါ အကျိုးရှိစေရန် အခြားမည်သည့်လုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ကို စဉ်းစားတွေးခေါ်လုပ်ကိုင်ဆောင်ရွက်သွားရန် လိုပါကြောင်း။

လျှပ်စစ်ကို အခြေပြုကာ ဤဒေသတွင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို မည်သို့မည်ပုံကြံဆကာ လုပ်ကိုင်သွားမည်၊ လျှပ်စစ်ဓာတ်အားကိုရယူကာ ဒေသ၏ ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် မည်သို့ထုတ်လုပ်သွားမည်စသည်ဖြင့် စဉ်းစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အလားတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ဤဒေသသည် စိုက်ပျိုးရေးကိုအခြေခံသည့် ဒေသတစ်ခုဖြစ်သည့်အပြင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ရေးအတွက် ဆည်၊ ကန်များ ရှိပါကြောင်း၊ စိုက်ပျိုးလျှင် စိုက်ပျိုးသလောက် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ရာ စိုက်ပျိုးရေးကိုမှီခိုကာ လုပ်ကိုင်စားသောက်နေသည့် လက်လုပ်လက်စားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များကိုထုတ်လုပ်ပြီး မိမိပြည်တွင်း၌သာမက ပြည်ပသို့တိုင် ထုတ်လုပ်ရောင်းချနိုင်မည့် ထုတ်ကုန်များကို လျှပ်စစ်ဓာတ်အား အသုံးပြု၍ ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများအနေဖြင့် ဘက်စုံ ကဏ္ဍစုံမှ ကြံဆလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီးသည် ဆန်စပါးသာမက အခြားသီးနှံမျိုးစုံကိုပါ စိုက်ပျိုးသည့်ဒေသဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်ပြီးသီးနှံများ စားသုံးသူပြည်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိအောင် ဖြန့်ဖြူးပေးနိုင်ရန်သို့တည်းမဟုတ် ပုပ်သိုးပျက်စီးမှုမရှိစေဘဲ တာရှည်ခံအောင် ထုပ်ပိုးပြင်ဆင်ဆောင်ရွက်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်စေရန် မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်သင့်သည်များကို စဉ်းစားကြရန်လိုကြောင်း၊ လျှပ်စစ်ကိုအသုံးချကာ သီးနှံများတာရှည်ခံစေရန်အတွက် အအေးခန်းသိုလှောင်ရုံများ ပြုလုပ်သွားကြရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဆိုပါက ပဲခူးတိုင်းဒေသကြီးသည် အခွင့်အလမ်းများစွာ ရှိပါကြောင်း။

မကြာမီကာလတွင် ဖြူးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ မဂ္ဂါဝပ် ၃၀ ထုတ်လုပ်ရရှိတော့မည် ဖြစ်ပါကြောင်း၊ ဒေသအနေအထားအရ အချက်အချာကျသည့် နေရာတွင် တည်ရှိသည့်အတွက် ထွက်ကုန်များကို ပို့ဆောင်ရာတွင် များစွာလွယ်ကူအဆင်ပြေပါကြောင်း၊ လျှပ်စစ်ကို အခြေခံ၍ ဒေသတွင်းအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ထူထောင်သွားနိုင်ပါကြောင်း၊ ဟိုးဆေးလ်မားကက်များထူထောင်နိုင်ပါကြောင်း၊ ယင်းတို့သည် ဒေသအတွက်သာမက တိုင်းပြည်အတွက်လည်း များစွာအကျိုးရှိကာ အခွင့်အလမ်းများလည်းဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန်၊ လျှပ်စစ်မီးရရှိရန်၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာရန်လည်း လိုအပ်ပါကြောင်း၊ လျှပ်စစ်မီးကို အသုံးပြုကာ အခွင့်အလမ်းကောင်းများကို အသုံးချမည်ဆိုပါက ဤဒေသသည် ဒေသအတွင်း မှီခိုနေကြသည့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာရှိနေပါကြောင်း၊ ထို့ပြင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်သည်လည်း များစွာအရေးပါပါကြောင်း၊ ထို့အတွက် လူ့စွမ်းအားအရင်းအမြစ်ကြွယ်ဝလာစေရန် ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် ဤဒေသအတွင်း တက္ကသိုလ်များကို တည်ထောင်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

အလားတူ ဒေသတည်ငြိမ်ရေးသည် အရေးကြီးပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ဤဒေသသည် အရေးပါသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့အစိုးရနှင့်အတူ ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ဤစီမံကိန်းကြောင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းအောင်မြင်စေမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း နှင့် ရွှေစွမ်းအင်ကုမ္ပဏီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဓာတ်အားပေးစက်ရုံရှေ့မျက်နှာစာတွင် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များက ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

**စာမျက်နှာ ၉ သို့** ✪

## ပြည်တွင်းရေးရာ

စာမျက်နှာ ၈ မှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လျှပ်စစ်ဓာတ်အား ပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။

အဆိုပါ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏အရှေ့ဘက် ၁၄ မိုင်ခန့်အကွာရှိ သောက်ရေခပ်ချောင်းပေါ်တွင်တည်ရှိသည်။ စီမံကိန်း၏ ထူးခြားချက်တစ်ရပ်မှာ မြန်မာနိုင်ငံတွင် ပထမဆုံး တည်ဆောက်သည့် နည်းပညာဖြစ်သော Concrete Faced Rock Fill Dam(CFRD) အမျိုးအစားဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အတိုင်ပင်ခံအဖြစ် ငှားရမ်းပံ့ပိုးပေးခဲ့ကာ စီမံကိန်းကို ရွှေစွမ်းအင်ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ ပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများ ပူးပေါင်းကာ ၁၉၆၄ ခုနှစ်တွင် စူးစမ်းလေ့လာတိုင်းတာရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ လိုအပ်နေသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများတွင် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ကာ ဤစီမံကိန်းကို ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်နှင့် B.O.T စနစ်ဖြင့် ၂၀၀၈ ခုနှစ် မေ ၂ ရက်က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး စီမံကိန်းလုပ်ငန်းများကို လွှဲပြောင်းလုပ်ကိုင်စေခဲ့ ကြောင်း၊ ယခုအခါတွင် သောက် ရေခပ်(၂) ဓာတ်အားပေးစက်ရုံ၌ လျှပ်စစ်ဓာတ်အားပေးစက်သုံးလုံး တပ်ဆင်ထားပြီး စုစုပေါင်းဓာတ်အား ၁၂၀ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၆၀၄ ဒသမ ၇ သန်းခန့်ကို နိုင်ငံတော် မဟာဓာတ်အား ကွန်ရက်စနစ်မှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စီမံကိန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းရေလှောင်တမံ၊ ရေလွှဲဆည် ဖွင့်ပွဲနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လျှပ်စစ်မီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ အောင်မြင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**



လက်ရှိ နည်းပညာခေတ်တွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ကွန်ပျူတာများ လှူဒါန်းခြင်းသည် တစ်ဦးချင်းတိုးတက်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေချင်သည့် စေတနာဖြင့်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း အစဉ်အလာကောင်းများကို ထိန်းသိမ်း၍ တိုင်းပြည်ဂုဏ်ဆောင်နိုင်သည့် တိုင်းဒေသကြီး တစ်ခုဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းတွင်ကျင်းပသည့် ကွန်ပျူတာနှင့် ကျောင်းသုံးစာအုပ်များပေးအပ်လှူဒါန်းခြင်းအခမ်းအနား အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားရာတွင် ထားဝယ်ဒေသအပါအဝင် တနင်္သာရီတိုင်းဒေသကြီးသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ထင်ရှားသည့် သမိုင်းအစဉ်အလာရှိခဲ့ပါကြောင်း၊ အတိတ်သမိုင်းတွင် ခေတ်မီနည်းပညာ၊ အတတ်ပညာများပြည့်စုံစွာမရှိခဲ့၍ ကိုလိုနီဘဝ ကျရောက်ခဲ့ရကြောင်း၊ လွတ်လပ်ရေးရရှိရေးအတွက် ခေတ်မီတပ်မတော်တစ်ရပ်ဖွဲ့စည်းရန် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံသို့ ပြည်ပသို့ထွက်ခွာပြီး စစ်ပညာများ သင်ကြားခဲ့ကြောင်း၊ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် BIA ကို ထိုင်းနိုင်ငံ၌ ဖွဲ့စည်းပြီး ထားဝယ်စစ်ကြောင်းအပါအဝင် စစ်ကြောင်းကြီးသုံးကြောင်းဖြင့် မြန်မာပြည်တွင်းသို့ စတင်ဝင်ရောက်ခဲ့ကြောင်း၊ ထိုအချိန် ဗိုလ်မှူးကြီး ဗထူးအပါအဝင် ဒေသခံလူငယ်လူရွယ်များသည်လည်း မျိုးချစ်စိတ်အပြည့်ဖြင့် တက်ကြွစွာပါဝင်ခဲ့ကြသဖြင့် မြန်မာပြည်သိမ်းစစ်ဆင်ရေးအတွက် အစပျိုးခဲ့သည်ဟု ဆိုနိုင်ကြောင်း၊ ယင်းအစဉ်အလာနှင့်အညီ ထားဝယ်ဒေသမှ ဝန်ကြီးချုပ် ဦးဘဆွေ၊ ဝန်ကြီးချုပ် ဦးစိန်ဝင်း (ဗိုလ်မှူးချုပ်စိန်ဝင်း)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ သူရဲကောင်းများဖြစ်သည့် ဗိုလ်မှူးကြီးဗထူး၊ သူရမချစ်ပို၊ ပညာရှင်ကြီးများဖြစ်ကြသော ပန်းချီဆရာကြီး ဦးငွေကိုင်၊ ပန်းပုဆရာကြီး ဦးဟန်တင် စသည့် ထင်ရှားသည့် ပုဂ္ဂိုလ်များစွာ ပေါ်ထွက်ခဲ့ကြောင်း၊ ယင်းသို့ ရှေ့မှ ဦးဆောင်လမ်းပြခဲ့ကြသည့်အတိုင်း ယနေ့မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးတို့အတွက် လက်ဆင့်ကမ်းထမ်းဆောင်ရမည့် တာဝန်ရှိပါကြောင်း၊ ယခင်ကသွားလာမှုလွန်စွာခက်ခဲသည့် ဒေသဖြစ်ခဲ့သော်လည်း ယခုအခါ ရန်ကုန်မှ ကော့သောင်းအထိ မော်တော်ကားဖြင့် သွားလာနိုင်ပြီဖြစ်ကြောင်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေးအနေဖြင့်လည်း ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ဘုတ်ပြင်းမြို့များတွင် ဂျက်လေယာဉ်များ ဆင်းသက်နိုင်ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ကွန်ပျူတာ၊ နည်းပညာနှင့် ပညာရေးတက္ကသိုလ်များ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ ယင်းအခြေခံအဆောက်အအုံများကို အကျိုးရှိစွာ အသုံးချရန်လိုအပ်ကြောင်း၊ လျှပ်စစ်မီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်သောကြောင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ အောင်မြင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လက်ရှိ နိုင်ငံတော်တွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ (၃)နှစ်ကျော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာသောရပ်တည်ချက်ဖြင့် ပါဝင်လျှောက်လှမ်းလျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုသည် လွန်စွာအရေးကြီးပြီး ဥပဒေနှင့်အညီ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုမူကျင့်ကြံနေထိုင်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုကို ရရှိနိုင်မှာဖြစ်ကြောင်း၊ အလားတူ မိသားစုတစ်စုကဲ့သို့ စည်းလုံးညီညွတ်မှုရှိရန်လည်း လိုကြောင်း၊ မိမိဒေသတွင်းမှစ၍ တစ်နိုင်ငံလုံး စုစည်းညီညွတ်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ကြောင်း၊ ဒေသခံများအချင်းချင်း စည်းလုံးညီညွတ်မှု၊ နားလည်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုကို မုချဧကန်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များကိုယ်စား ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လက်ခံရယူသည်။

ဆက်လက်၍ အလှူရှင်ဒေါက်တာထွန်းမင်းလတ်နှင့် ကျန်အလှူရှင်များကိုယ်စား ကမ္ဘောဇဘဏ်ကုမ္ပဏီကိုယ်စားလှယ် ဒေါ်ဖြူမာအောင်တို့က ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများအတွက် ပညာရည်မြင့်တင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များအား ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများမှ ကွန်ပျူတာအလုံး ၂၀၊ ဒေါက်တာနိုင်ထွဋ်အောင်မိသားစုမှ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀၀ နှင့် ကွန်ပျူတာအလုံး ၂၀၊ ဒေါက်တာထွန်းမင်းလတ်မိသားစုမှ ကွန်ပျူတာအလုံး ၅၀၊ ကမ္ဘောဇဘဏ်ကုမ္ပဏီ၊ Max Myanmar ကုမ္ပဏီ၊ ထူးကုမ္ပဏီ၊ ချမ်းဟိန်းကုမ္ပဏီ၊ ဦးချစ်ခိုင်မိသားစု၊ ဦးအောင်မျိုးမင်းဒင် မိသားစု၊ ဦးနေအောင်မိသားစု၊ ဦးကျော်စိန်မိသားစုနှင့် ဦးစိုင်းတစ်အောင်မိသားစုတို့က ကွန်ပျူတာအလုံး ၂၀ စီအားလည်းကောင်း၊ အေးရှားဝေါကုမ္ပဏီ၊ ဦးလှမျိုးမိသားစုနှင့် ဦးမောင်နိုင်မိသားစုတို့က ကွန်ပျူတာ ၁၀ လုံးစီအားလည်းကောင်း စုစုပေါင်း ကွန်ပျူတာအလုံး ၃၀၀ နှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀၀ တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်သို့ ရောက်ရှိပြီး ဇေယျဝတီကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအရိန္ဒမ အားဖူးမြော်ကြည်ညို၍ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကြီးသို့ လျှပ်စစ်ကားများနှင့် ဆန်၊ ဆီ အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးသို့ လျှပ်စစ်ကား၊ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၃ နာရီက ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကြီးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးစီမံချက်များတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုအား ၁၉၉၀ မှစတင်၍ စီမံချက်တစ်ရပ်အဖြစ်ပါဝင်လာခဲ့ကြောင်း၊ စိတ်ကျန်းမာရေးသည် လူသားအားလုံးအတွက် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေသလို မြန်မာနိုင်ငံတွင်လည်း ခုတင် ၁၂၀၀ ဆံ့ စိတ်ကျန်းမာရေးဆေးရုံကြီးအပြင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆေးရုံကြီးများ၊ အထူးကုဆရာဝန်များခန့်ထားပြီး စောင့်ရှောက်ကုသမှုပေးလျက်ရှိကြောင်း၊ ခွင့်ပြုခုတင် ၁၂၀၀ ဖြစ်သော်လည်း အတွင်းလူနာမှာ ၁၃၀၀ ကျော် အမြဲကုသပေးနေရသော ဆေးရုံဖြစ်ကြောင်း၊ စိတ်ကျန်းမာရေးလူနာများသည် အခြားရောဂါများနှင့်မတူဘဲ ဆေးရုံတွင် ကာလကြာမြင့်စွာ ထားရှိကုသရသည့်အတွက် ကျွေးမွေးစရိတ်ကြီးမြင့်ကြောင်း၊ တစ်လစာ ကုန်ကျစရိတ်သည် ဆန်၊ ဆီဖိုးမပါဝင်ဘဲ ကျပ် သိန်း ၂၀၀ ခန့် ကုန်ကျလျက်ရှိကြောင်း သိရသဖြင့် ယခုကဲ့သို့ လှူဒါန်းပေးခြင်းဖြစ်ကြောင်းနှင့် စေတနာဖြင့် ပါဝင်လှူဒါန်းကြသော အလှူရှင်များအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးလုပ်ငန်းများကို အမျိုးသမီးထုတစ်ရပ်လုံးစွမ်းအားဖြင့် ပါဝင်ဆောင်ရွက်ရန်နှင့် မိမိတို့နယ်မြေဒေသအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိရာ စိတ်ကျန်းမာရေးဆေးရုံကြီးရှိ စိတ်ဝေဒနာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အလှူရှင်များနှင့် ပူးပေါင်းလှူဒါန်းခဲ့ရာ လျှပ်စစ်ကားနှစ်စီး၊ ဆန်၊ဆီ၊ကြက်သွန်၊ အာလူး၊ ကုလားပဲ၊ ဆားစသည့် အခြေခံစားသောက်ကုန်များအပြင် ဖိနပ်များ၊ အဝတ်အထည်များ၊ မုန့်များနှင့် အလှူငွေ သိန်း ၃၀ အပါအဝင် စုစုပေါင်းတန်ဖိုးငွေ ၃၂၄၈၉၇၀၀ ခန့်လှူဒါန်းရာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ စိတ်ကျန်းမာရေးဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သန်းသန်းဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာ အဖွဲ့နာယကများ၊ တိုင်းဒေသကြီး/ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သီသီမင်း**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလ ပထမပတ်တွင်ကျင်းပရန် စီစဉ်ထားသည့် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဘက်လိုက်ခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ လွတ်လပ်မှုနှင့် မျှတမှုမရှိခြင်းသည် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် ဖြစ်ပေါ်လာမည့်လွှတ်တော်များနှင့် အစိုးရအဖွဲ့၏ ဂုဏ်သိက္ခာ၊ ပုံရိပ်ကျဆင်းညှိုးနွမ်းစေမည်ဖြစ်၍ ပွင့်လင်းမြင်သာသည့် လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် လိုအပ်ကြောင်း၊ လွတ်လပ်တရားမျှတသည့်ရွေးကောက်ပွဲကို ကော်မရှင်တစ်ခုတည်းဖြင့်သာ မကဘဲ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မီဒီယာများနှင့်ပြည်သူလူထုအားလုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ယမန်နေ့ မွန်းလွဲ ၂ နာရီက ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့်တွေ့ဆုံပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်အတူ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တွင် အာဏာကြီးသုံးရပ်ကို ကျင့်သုံးမည့် လွှတ်တော်နှင့် အစိုးရအဖွဲ့ ပေါ်ပေါက်နိုင်ရန် စတင်အခြေခံလာခြင်းမှာ ရွေးကောက်ပွဲမှ မြစ်ဖျားခံလာခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများသည် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည့် လုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်း၊ လွတ်လပ်တရားမျှတသောရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် မဲဆန္ဒရှင်ပညာပေးခြင်းတို့အား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲအတွေ့အကြုံ ဗဟုသုတနည်းပါးကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးပါက ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကိုအကောင်အထည်ဖော်ဆောင်ရွက်ရမည့်သူများ ဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်း လူတော်လူကောင်းများ ရောက်ရှိမှသာ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများကို ငါးနှစ်တစ်ကြိမ် ကျင်းပရမည်ဖြစ်ပြီး ပထမအကြိမ် လွှတ်တော်အသီးသီး၏ သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင်ကုန်ဆုံးမည်ဖြစ်ပြီး သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်သို့မဟုတ် နိုဝင်ဘာလ ပထမပတ်အတွင်း ကျင်းပပေးမည်ဟု ကြေညာထားပါကြောင်း၊ သို့ဖြစ်ရာ ရွေးကောက်ပွဲကျင်းပရန် ၁၀ လခန့်သာ လိုတော့ပြီး အရေးကြီးသည့် အချိန်ကာလသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်အတွက် မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် မဲဆန္ဒရှင် ပညာပေးခြင်းလုပ်ငန်းများအား စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျင်းပနိုင်ရေးတွင် မဲဆန္ဒရှင်စာရင်းပြုစုခြင်းသည် အခြေခံကျသော အချက်တစ်ခုဖြစ်ပြီး အိမ်ထောင်စုစာရင်းပုံစံ (၁၀)နှင့် လူဦးရေစာရင်းတို့အား အခြေခံပြီး ပြုစုခြင်းဖြစ်ရာ အဆိုပါစာရင်းဇယားများကိုနောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ မဲစာရင်းများထုတ်ပြန်ပါက မိမိအမည် မဲစာရင်းတွင်ပါ၊ မပါကြည့်ရှုရန်လိုအပ်ပြီး မပါပါက ထည့်သွင်းပေးရန်နှင့် မပါသင့်သူများ ပါဝင်ပါက ပယ်ဖျက်ပေးရန် သက်ဆိုင်ရာပုံစံများဖြင့် တောင်းဆိုကာ ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်အောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ဥပဒေကိုသေချာစွာလေ့လာရန်၊ လိုက်နာရန်နှင့် ဥပဒေ၏ အကာအကွယ်ကို ရယူရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ၏မေးမြန်းချက်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး နိဂုံးချုပ်အနေဖြင့် နိုင်ငံရေးပါတီများ၊ Observer များနှင့် မီဒီယာများအနေဖြင့်လည်း လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် ညနေ ၆ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်ထောင်စုရိပ်သာ ဧည့်ခန်းမဆောင်၌ ကရင်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ၊ ကွပ်ကဲရေးအကြံပေးအဖွဲ့မှ ဗိုလ်မှူးကြီးစောထွန်းလှိုင်၊ ဒုတိယဗိုလ်မှူးကြီး စောကြာအင်း၊ ဦးမန်းစောရွှေ၊ ဦးကျော်သန်း၊ ဦးသာထူးကျော်၊ ဦးစောသန်းမြ၊ KNU မှ ဗိုလ်မှူး စောရွှီးရှို၊ ဦးမန်းသိန်းမောင်နှင့် DKBA ကလိုထူးဘောတပ်ဖွဲ့မှ ဗိုလ်မှူးကြီး မောင်လေးတို့တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**ဘားအံ ဒီဇင်ဘာ ၃၀**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၄)ကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်အမှာစကားပြောကြားပြီး ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ UN နှင့် INGO အဖွဲ့များ၊ ဂီတ၊ သဘင်တို့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။







လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အာဆီယံ ဥက္ကဋ္ဌ တာဝန်ယူသည့် ယခုနှစ် ဇွန်လအတွင်းတွင် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကွန်ဗင်းရှင်းနှင့် ဒေသတွင်းလုပ်ငန်းစီမံချက်(Regional Plan of Action) မူကြမ်းများရေးဆွဲသည့် အစည်းအဝေးကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် US-ASEAN လူကုန်ကူးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ခုအနေဖြင့် Annual Trafficking in Persons Report(Tip Report)နှင့် သက်ဆိုင်သော အစည်းအဝေးကိုလည်း အိမ်ရှင်အဖြစ်အောက်တိုဘာလတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ၂၀၁၅ လုပ်ငန်းစီမံချက်မူကြမ်း လျာထားမှုများကို ဒီဇင်ဘာ ၉ ရက် နှင့် ၁၀ ရက်တို့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ဦးဆောင်ပြီး COMMIT Task Force Meeting ကို ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှု တိုက်ဖျက်ရာတွင် **ကြိုတင်ကာကွယ်ရေး (Prevention) ကဏ္ဍ**သည် အရေးကြီးသော ကဏ္ဍဖြစ်သည့် အတွက် အသိပညာပေးမှု လုပ်ငန်းများကို မီဒီယာ၊ လူမှုအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်နေသကဲ့သို့ အနုပညာရှင်များ၊ သဘင်အစည်းအရုံးတို့နှင့်လည်း ပူးပေါင်းကာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကြိုတင်ကာကွယ်ရေး ကဏ္ဍအတွက် ရပ်/ကျေးအခြေပြု စောင့်ကြည့်အဖွဲ့ (Community Watch Group) များ၏စွမ်းရည်မြှင့်တင်ပေးရေးကဏ္ဍကိုလည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့မှ အထူးအလေးထား ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် **တရားစွဲဆိုရေးကဏ္ဍ**အနေဖြင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးနှင့်ပတ်သက်သည့် National Workshop နှင့် ထိုင်း-မြန်မာ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အတွက် ဒုတိယအကြိမ်အစည်းအဝေး ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကိုပြန်လည်သုံးသပ်ရေးဆွဲနိုင်ရန်အတွက် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့မှ ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့်အတူ Time Frame သတ်မှတ်ကာ အမြန်ဆုံးရေးဆွဲရန် လိုအပ်ပါကြောင်း၊ ဩစတြေးလျ-အာရှလူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း AAPTIP အဖွဲ့နှင့်အတူ US-Myanmar Joint Plan ကို အကောင်အထည်ဖော်မည့် Wamart Group၊ အခြား Human Trafficking Working Group တို့မှ Law Review ပြုလုပ်ရာတွင်လည်း နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးကြမည်ဖြစ်သည့်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေဖြင့် ကြိုဆိုပါကြောင်း၊ **လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ**တွင် လူကုန်ကူးခံရသူများကို အကာအကွယ်ပေးနိုင်ရန် လူကုန်ကူးမှုအဖြစ်များသည့် မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့တွင် ဒီဇင်ဘာ ၁၉ ရက်က ဂျပန်နိုင်ငံအစိုးရ အကူအညီဖြင့် လူကုန်ကူးခံရသူများအတွက် စောင့်ရှောက်ရေးဂေဟာကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။




၂၀၁၄ ခုနှစ် ဇွန် ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် အမေရိကန်အစိုးရ၏ (၁၄) ကြိမ်မြောက် TIP အစီရင်ခံစာမှာ အကြံပြုချက် ၁၃ ချက် ထုတ်ပြန်ခဲ့ပါကြောင်း၊ ယခုအချိန်သည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မှ နှစ်စဉ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် သတင်းအချက်အလက်များ စုဆောင်းနေသော ကာလဖြစ်သည့်အတွက် လာမည့်နှစ် ဖေဖော်ဝါရီလအထိ ထင်သာမြင်သာရှိသည့် လုပ်ဆောင်မှုများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ကြရမည့်ကာလလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံး လူကုန်ကူးမှု တိုက်ဖျက်ရေးဆောင်ရွက်မှုများကို စစ်ဆင်ရေးအသွင် တိုးတက်ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်နှင့်ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ်ဇော်ဝင်းက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ UN နှင့် INGO အဖွဲ့များ၊ ဂီတ၊ သဘင်တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ပြီးမှု အခြေအနေများနှင့် ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာရေးဆရာများသာ ကပြဖျော်ဖြေမည့်ပြဇာတ် နိုဘယ်မြန်မာစာပေပွဲတော်တွင် တွေ့ရမည်

တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

နိုဘယ်မြန်မာစာပေပွဲတော်ကို ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်ထိ ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံတွင် သုံးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ရာ ညပိုင်းတွင် စာပေ၊ ယဉ်ကျေးမှု၊ ငြိမ်းချမ်းရေးနှင့် ဆက်စပ်သော ဂီတဖျော်ဖြေပွဲများပြုလုပ်ရန်အတွက် ပွဲတော်ဖျော်ဖြေရေးဆပ်ကော်မတီက ဆောင်ရွက်နေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က မြန်မာစာရေးဆရာများ ပြဇာတ်ကပြခဲ့ကြသည်ကို ပြန်လည်ဆန်းသစ်သည့်အနေဖြင့် မြန်မာစာရေးဆရာများသာ ပါဝင်မည့် "မဟာဆန်ချင်သူပြဇာတ်"အား မြန်မာစာပေလောကသားများ ပထမဆုံးအကြိမ် ဦးဆောင်ကျင်းပမည့် နိုဘယ်မြန်မာစာပေပွဲတော်တွင် ကပြမည်ဖြစ်သည်။ မဟာဆန်သူပြဇာတ်သည် ပြင်သစ်ပြဇာတ်စာရေးဆရာ မိုးလျဲ၏ပြဇာတ်အား ဆရာဇော်ဂျီရေးသားပြီး ၁၉၃၄ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် ပြဇာတ်တစ်ပုဒ်ဖြစ်သည်။ အဆိုပါပြဇာတ်အား ပြန်လည်အသက်သွင်းလျက်ရှိသည့် နိုဘယ်မြန်မာစာပေပွဲတော်ဖျော်ဖြေရေးဆပ်ကော်မတီမှ တာဝန်ရှိများအား တွေ့ဆုံမေးမြန်းခဲ့သည်။

**ဆရာချစ်ဦးညို(ဒုတိယဥက္ကဋ္ဌ)**
**နိုဘယ်မြန်မာစာပေပွဲတော်ဖျော်ဖြေရေးဆပ်ကော်မတီ**

စာရေးဆရာတွေပဲ ပါဝင်တဲ့ပြဇာတ်ကို ဘာကြောင့်လုပ်ကြသလဲလို့မေးရင် ဂျပန်ခေတ်တုန်းက စာရေးဆရာတွေ စာရေးလို့မရဘူး။ လှုပ်ရှားမှုပြုလုပ်လို့ မရဘူး။ ဒီတော့ ဝိဇယပြဇာတ်ကနေစပြီး ၁၁ နှစ်တိုင်တိုင် စာရေးဆရာတွေ ပါတဲ့ပြဇာတ် ကခဲ့ကြတယ်။ အလွန်အောင်မြင်တယ်။ အဲဒီတုန်းကတော့ ဆရာကြီး ဦးသုခ၊ ဆရာသော်တာဆွေ၊ ဆရာအောင်ဗလ၊ ဆရာသာဂဒိုး၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်စသည်ဖြင့် နိုင်ငံသိ စာရေးဆရာကြီးတွေပါကြတာပေါ့။ ကတဲ့ ပြဇာတ်တွေကလည်း ဝိဇယတို့၊ လှိုင်ထိပ်ခေါင်တင်တို့၊ နတ်သျှင်နောင်တို့စတဲ့ ရာဇဝင်ပြဇာတ်တွေ ကကြတယ်။ ပြည်သူလူထုအားပေးတယ်။ ကျွန်တော်တို့လည်း ဒီအစဉ်လာကိုယူပြီး ပြဇာတ်ကပြဖို့ ကျွန်တော်တာဝန်ယူဆောင်ရွက်တာ ဖြစ်ပါတယ်။

ဘာကြောင့် နိုဘယ်မြန်မာစာပေပွဲတော်မှာ ကပြပေမယ့် မဟာဆန်ချင်သူကို ရွေးရလဲဆိုတော့ မဟာဆန်ချင်သူဟာ နိုဘယ်ဆုရတဲ့ ပြဇာတ်တစ်ခုတော့မဟုတ်ပါဘူး။ မိုးလျဲရဲ့ပြဇာတ်ကို ဆရာဇော်ဂျီမြန်မာမှုပြုထားတာ။ နောက်တစ်ချက်က ဆရာဇော်ဂျီဘာသာပြန်တယ်ဆိုကတည်းက လူ့သဘာဝ၊ လောကသဘာဝကို နှိုက်နှိုက်ချွတ်ချွတ်ပြတဲ့ စာကောင်းပေကောင်းဆိုတာ သံသယဖြစ်စရာမလိုပါဘူး။ နောက်တစ်ချက် ဘာကြောင့်ရွေးရလဲဆိုတော့ ဒီပြဇာတ်ကို ဖတ်ဖူးတဲ့သူတွေ သိပါတယ်။ စင်တင်ပြီး ကတဲ့အခါမှာလည်း တွေ့ရပါလိမ့်မယ်။ ကိုယ့်အသက်မွေးဝမ်းကျောင်းနဲ့ ကိုယ့်ပညာနဲ့ကိုယ် အေးအေးဆေးဆေးမနေဘဲနဲ့ ဟိုပါချင်၊ ဒီပါချင်၊ ဟိုဟာ တတ်ချင်၊ ဒီဟာတတ်ချင်၊ ဟိုဟာသိချင်၊ ဒီဟာသိချင်၊ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ မဟာရူး ရူးနေတဲ့သူဌေးတစ်ယောက်အကြောင်း။ အဲဒီကနေပြီးတော့ လောကကြီးကို သရော်တဲ့အနှစ်သာရ။ အဲဒါလေးကို ပြချင်တဲ့အတွက် ဆရာဇော်ဂျီရဲ့ အာဘော်ကို ကြိုးစားယူပြီးတော့ ဒီပြဇာတ်ကို ဇာတ်ညွှန်းခွဲခြင်းဖြစ်ပါတယ်။ ပြဇာတ်မှာ ဇာတ်ဆောင်တွေ အများကြီးပါတဲ့အတွက် ကျွန်တော်တို့ ဆရာ ဆရာမတွေ အများကြီး သရုပ်ဆောင်နိုင်မယ့် အခွင့်အရေးရမယ်။ တော်တော်များများ စင်ပေါ်တက်စေချင်တယ်။ ပြောစေချင်တယ်။ အမူအရာလုပ်စေချင်တယ်။ ဒါကြောင့် ဒါကို ရွေးခြင်းဖြစ်ပါတယ်။

မူလက ကျွန်တော်ပဲ ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာလုပ်ဖို့ စိတ်ကူးပါတယ်။ ဒါပေမယ့် ကျန်းမာရေးအခြေအနေကြောင့် ဦးနန်းဝင်းကို အကူအညီတောင်းပြီး ကမ်းလှမ်းတော့ သူက အားတက်သရောလက်ခံတဲ့အတွက် သူက ဒါရိုက်တာလုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ လိုချင်တဲ့အနှစ်သာရ အချက်အလက်တွေ ပြောပြပေးပြီး တကယ်လက်တွေ့ စင်တင်အသက်သွင်းမယ့်သူကတော့ ဦးနန်းဝင်း ဖြစ်ပါတယ်။


ဆရာဖေမြင့် (ဥက္ကဋ္ဌ)


ဆရာချစ်ဦးညို (ဒုတိယဥက္ကဋ္ဌ)


ဦးနန်းဝင်း (ဒုတိယဥက္ကဋ္ဌ)


ဆရာမရွှေကူမေနှင်း(ဒုတိယဥက္ကဋ္ဌ)

ပါဝင်ကပြတဲ့ ဆရာဆရာမတွေကိုတော့ မကြေညာသေးပါဘူး။ ဇာတ်တိုက်လို့ အရှိန်ရလာရင်တော့ အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဦးဖေမြင့်က အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာပါ။

**ဆရာဖေမြင့် (ဥက္ကဋ္ဌ)**
**နိုဘယ်မြန်မာစာပေပွဲတော်ကျင်းပရေးကော်မတီ**

စာရေးဆရာတွေချည်းပဲ ပြဇာတ်ကဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ မြန်မာစာပေသမားတွေ တစ်ချိန်တုန်းက လွတ်လပ်စွာစုဖွဲ့လှုပ်ရှားဆောင်ရွက်လို့ရတဲ့ကာလမှာ စာပေသမားတွေ စာပေနယ်ထဲမှာ ထင်ထင်ရှားရှားလုပ်ခဲ့တဲ့အလုပ်တစ်ခုရှိတယ်။ အဲဒါစာရေးဆရာပြဇာတ်လို့ ပြောကြတယ်။ စာပေသမားတွေချည်းပဲ ဝင်ရောက်ကပြတဲ့ ပြဇာတ်ပါ။ အဲဒါကလည်း လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်လောက်ကရှိခဲ့တာ။ စာရေးဆရာ ဆရာမတွေကလည်း နှစ်တိုင်းပြဇာတ်ကပြနိုင်ဖို့ ကြိုးစားတယ်။ အဲဒါကိုလည်း အင်မတန်မှပဲ ဂုဏ်ယူခဲ့တယ်။ ဒီပြဇာတ်တွေကို မကြည့်ခဲ့ရတဲ့နောက်ပိုင်းခေတ်စာပေသမားတွေကလည်း ကိုယ်တိုင်ပါဝင်ခဲ့ရသလို တမ်းတမ်းတတနဲ့ ပြောကြဆိုကြတာရှိပါတယ်။ အဲဒီတော့ ပြဇာတ်ကို မြန်မာစာပေသမားတွေလုပ်တဲ့ ပထမဆုံးဒီစာပေပွဲတော်မှာ တင်ဆက်နိုင်ဖို့ကြိုးစားတာပါ။ ဒီစာပေပွဲတော်မှာ စာပေသမားများရဲ့ စာပေစိတ်ဓာတ်၊ အနုပညာစိတ်ဓာတ်၊ စုပေါင်းတဲ့စိတ်ဓာတ်ကို ပြန်ပြီးတော့ ဖော်ထုတ်ချင်တဲ့ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်ပါတယ်။

**ဆရာမရွှေကူမေနှင်း (ဒုတိယဥက္ကဋ္ဌ)**
**နိုဘယ်မြန်မာစာပေပွဲတော်ဖျော်ဖြေရေးဆပ်ကော်မတီ**

နိုဘယ်မြန်မာစာပေပွဲတော်မှာ ဖျော်ဖြေရေးဆပ်ကော်မတီဆိုပြီး သပ်သပ်ခွဲထားပါတယ်။ ဒီဆပ်ကော်မတီရဲ့ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌက ဆရာလယ်တွင်းသားစောချစ်ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌက သုံးယောက်ရှိပါတယ်။ ဆရာငြိမ်းမင်း၊ ဆရာချစ်ဦးညိုနဲ့ ကျွန်မရွှေကူမေနှင်းတို့ဖြစ်ပါတယ်။ ဆရာကိုနန်းဝင်းက အတွင်းရေးမှူးတာဝန်ယူထားပါတယ်။ အားလုံးအဖွဲ့ဝင် ၂၀ လောက်ဆပ်ကော်တီမှာပါပါတယ်။ ဖျော်ဖြေရေးအစီအစဉ်ကို အကြမ်းဖျင်းအားဖြင့် လေးနာရီသတ်မှတ်ထားပါတယ်။ အဆိုကို တစ်နာရီနီးပါးသတ်မှတ်ထားတယ်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်တဲ့သီချင်းတွေကို အများဆုံးဆိုမယ်။ လူကြိုက်များတဲ့ အဆိုတော်တွေကို အတတ်နိုင်ဆုံးဖိတ်ခေါ်ဖို့ ကြိုးစားထားပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်က ထွန်းကားခဲ့တဲ့ စာရေးဆရာပြဇာတ်ကို ကျွန်မတို့ခေတ်မှာ မဖော်ဆောင်နိုင်ခဲ့ပါဘူး။ အခု လုပ်ကြည့်ရင် ကောင်းမလားလို့ အိပ်မက်တစ်ခု မက်ခဲ့တာပါ။ ခေတ်ပြဇာတ်တစ်ခု လုပ်ကြည့်ဖို့ စဉ်းစားပါသေးတယ်။ ဆရာချစ်ဦးညိုကို ကျွန်မတို့ အဓိကအားထားပါတယ်။ သူက ဇာတ်ဆရာကြီး ရွှေဒေါင်းညိုရဲ့ သားဖြစ်တဲ့အပြင် စန္ဒာဦးဆိုတဲ့ ပဒေသာကဇာတ်မှာ ပြဇာတ်ရေးဆရာ၊ ဒါရိုက်တာအဖြစ် ထဲထဲဝင်ဝင်လုပ်ခဲ့တဲ့အတွက် ကျွန်မတို့ ဆရာချစ်ဦးညိုအားကိုးနဲ့ လုပ်ကြမယ်လို့ တွေးပါတယ်။ အဲအချိန်မှာ ဆရာချစ်ဦးညိုက အာရှတော်ဝင်မှာ ဆေးရုံတက်နေရပါတယ်။ ဒုတိယအစည်းအဝေးလောက်မှာပဲ ဆရာချစ်ဦးညိုက ဆေးရုံက ဆင်းခွင့်ရပြီး တစ်လလောက်အကြာမှာ သူက ဇာတ်ညွှန်းရေးပြီးသွားပြီလို့ ပြောပါတယ်။

ဇာတ်ဆောင်ရွေးတဲ့အခါမှာ အင်မတန်အခက်အခဲဖြစ်ပါတယ်။ စာပေလောကသားကြီးပဲဖြစ်ရမယ်လို့ကြွေးကြော်ထားတော့ ဘယ်သူတွေက ပြောနိုင်ဆိုနိုင် စင်ပေါ်တက်နိုင်မလဲဆိုတာကိုတော့ ၁၇၊ ၁၈၊ ၁၉ ရက်တွေမှာ စောင့်ကြည့်ကြပါ။ ဆရာငြိမ်းမင်းရဲ့ပြဇာတ်၊ ဆရာနန်းဝင်းရဲ့ပြဇာတ်နဲ့ အငြိမ့်က နောက်ဆုံးအစီအစဉ်အဖြစ် သုံးညပါပါမယ်။ ကိုသိန်းဇော်ရဲ့ တေးသရုပ်ဖော်ပါမယ်။

**ဦးနန်းဝင်း(ဒုတိယဥက္ကဋ္ဌ)**
**နိုဘယ်မြန်မာစာပေပွဲတော်ဖျော်ဖြေရေးဆပ်ကော်မတီ**

ကိုဇာဂနာက စာပေပွဲတော်လုပ်မှာ။ ဖျော်ဖြေရေးပိုင်းမှာ အတွင်းရေးမှူးအနေနဲ့လို့ ပြောလာတယ်။ ကျွန်တော်က သာခုခေါ်သည်ဆိုတဲ့ တေးသရုပ်ဖော်အော်ပရာပါ။ ဆရာချစ်ဦးညိုတင်ထားတဲ့ မဟာဆန်ချင်သူပြဇာတ်အတွက်လည်း ဆရာက ကျန်းမာရေးမကောင်းလို့ ဆရာရဲ့ဇာတ်ညွှန်းကို ကျွန်တော်ကပဲ စီစဉ်သူ ဒါရိုက်တာ လုပ်ပေးရမှာပေါ့။ ဆရာငြိမ်းမင်းက အာဇာနည်မိခင်ဆိုတဲ့ တစ်ခန်းရပ်ပြဇာတ်လေးလုပ်မယ်။ ကျွန်တော်လုပ်မယ့် အော်ပရာက ကျွန်တော်လုပ်နေကျဆိုတော့ ပြဿနာမရှိပေမယ့် စာရေးဆရာတွေချည်းပဲ ကမယ့် မဟာဆန်ချင်သူပြဇာတ်က နည်းနည်းလေးတော့ခက်ခဲမယ်။ စာရေးဆရာတွေက စာပေဟောပြောပွဲတွေ မိုက်ကရိုဖုန်းနဲ့ဟောပြောတာရှိပေမယ့် ပြဇာတ်က စင်ပေါ်မှာ အပေးအယူနဲ့သွားရမယ်။ ဒိုင်ယာလော့တွေ မှားလို့၊ မေ့လို့မရဘူး။ ဒါပေမယ့် ကျော်လွှားနိုင်မှာပါ။ နောက် ကိုသိန်းဇော်(မန္တလေးသိန်းဇော်)က နတ်သျှင်နောင်သီချင်းကို သီဆိုမယ်။ အရင်က ကိုသိန်းဇော်က နှစ်ပါးသွားလုပ်ဖို့ရှိပေမယ့် အချိန်သိပ်မရလို့ နတ်သျှင်နောင်သီချင်းကိုပဲ တေးသရုပ်ဖော်နဲ့ဆိုပေးမှာပါ။ အချိန်ရရင်တော့ နှစ်ပါးသွားလုပ်ပေးမှာပေါ့။ အငြိမ့်ကတော့ ကိုသူရ(ဇာဂနာ) စီစဉ်တာ။ သုံးညလုံးမှာ တစ်ဖွဲ့စီပါမှာပေါ့။

(ကျေးဇူးတင်ပါတယ်။)

နိုဘယ်မြန်မာစာပေပွဲတော်ကျင်းပသည့်ရက်များအတွင်း မနက်ပိုင်း စာပေဆိုင်ရာ ဟောပြောဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ယာယီတဲများဖြင့် အစုအဖွဲ့လိုက်ဟောပြောဆွေးနွေးမှုများ ပြုလုပ်နိုင်ပြီး ကာတွန်းပြပွဲ၊ ဓာတ်ပုံပြပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ညစဉ် ၇ နာရီမှ ၁၁ နာရီထိပြုလုပ်မည့်ဖျော်ဖြေရေးအစီအစဉ်များအတွက် တစ်ညလျှင် ငွေကျပ် ၅၀၀၀ နှင့် ၁၀၀၀၀ သတ်မှတ်၍ လက်မှတ်များကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလဆန်းမှစတင်၍ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များတွင် ရောင်းချပေးမည်ဖြစ်ကြောင်း နိုဘယ်မြန်မာစာပေပွဲတော်ဖျော်ဖြေရေးဆပ်ကော်မတီမှ သိရသည်။




'ကျောက်လှိုဏ်ဂူကြီးပွင့်ပါဦး'
ရွှေစက်တော်၊ အလောင်းတော်ကဿပ
အလောင်းတော်ကဿပဘုရားဖူး–မကွေး–မင်းဘူး–ပုဂံ–ညောင်ဦး–ပခုက္ကူ–သီဟိုဠ်ရှင်–မုံရွာ–စစ်ကိုင်းဘုရားစုံဖူး။
DPTOA-No.161(၄)ရက်ခရီးထမင်း'မ'ကျွေး(50000 Ks)(31-1-2015)ရက်နေ့ထွက်မည်။
ရွှေစေတီ ဘုရားဖူးပို့ဆောင်ရေး၊ ကျိုက္ကစံဘုရားလမ်းမှတ်တိုင်၊ Ph:09450024419
(၁၂၄)ဘုရင့်နောင်လမ်း၊ ဦးစံဖေရပ်ကွက်၊ သယ်န်းကျွန်း။

## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## ပဲခူးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ (၂၀၁၄-၂၀၁၅)ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်မည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

(က) (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၊ ပြည်မြို့အကြီးစားမွမ်းမံပြင်ဆင်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ၊ (၄)ထပ်ဆောက်လုပ်ခြင်း။

(ခ) (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၊ ရေတာရှည်တည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ

(ဂ) ခန်းတွဲ၊ (၄)ထပ်ဆောက်လုပ်ခြင်း၊

(ဂ) ဇီးကုန်းမြို့နယ် တိုင်းရင်းဆေးကုဌာနတွင် ဝန်ထမ်းအိမ်ရာ ပေ(၁၈×၃၂)၊ (၃)ခန်းတွဲ (၁)ထပ်၊ အုတ်ညှပ်တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း၊

(ဃ) စစ်ကွင်းမြို့နယ် တိုင်းရင်းဆေးကုဌာန ပေ(၃၀×၄၀)၊ RC(၁)ထပ် ဆောက်လုပ်ခြင်း။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၁၂-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရပ်ကွက်ကြီး(၆)၊ သစ်တောရိပ်သာလမ်း၊ ဉသျှာမြို့သစ်ရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်းအမှတ်-၀၅၂-၂၀၇၃၆

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်ရွေးချယ်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်များကို လာမည့် သုံးနှစ်တာသက်တမ်း(၂၀၁၅-၂၀၁၇)အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်တော့မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်များအဖြစ် ဝင်ရောက်အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မောင်နှင်းမိုးက ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိဥက္ကဋ္ဌ ဦးလူမင်း၊ ဥက္ကဋ္ဌဟောင်း ဦးဇင်ဝိုင်း၊ ဦးဝေဠုကျော်နှင့် ဒေါ်ခင်သန်းနွယ်တို့က အဓိကသရုပ်ဆောင်အလွှာမှ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းထားသည်။ ဇာတ်ပို့ဇာတ်ရန်အလွှာမှ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းထားသူများမှာ ဦးဝင်းမြိုင်၊ ရဲနီမ၊ အောင်ဇော်၊ ကျောက်ရိုင်း၊ အောင်မြတ်၊ အောင်ခိုင်၊ မတူး၊ အရိုင်းမင်း၊ စောလွင်၊ ဂွမ်းပုံကြီးနှင့် အိမ့်ကြာဖြူတို့ဖြစ်သည်။

ညီညီထွန်းလွင်၊ ဇင်ယော်မောင်မောင်၊ ကြည်ဖြူသျှင်၊ မျိုးဇော်အောင်၊ ဝိုင်း၊ အမ်ထော်နီနှင့် အေဝမ်းသိန်းထွဋ်တို့က ဒါရိုက်တာအလွှာမှ အမည်စာရင်းတင်သွင်းထားသည်။ ဇာတ်လမ်း၊ ဇာတ်ညွှန်းအလွှာတွင် တင်ထွန်းအောင်(မော်လမြိုင်)၊ အေးကြူလေး၊ တက္ကသိုလ်ယဉ်ယဉ်လဲ့၊ ကျော်မင်းနိုင်၊ ဆုဩချယ်နှင့် ဒေါ်ခင်လေးသိမ့်တို့က ကိုယ်စားလှယ်လောင်းအမည်တင်သွင်းထားသည်။ ဟံသာမြေ ဦးဇော်မင်း၊ မောင်တည်ငြိမ်(ရှမဝ)၊ သမန်းကျားကိုမြင့်၊ ကြည်သာ၊ မုံရွာညိုလေးနှင့် ရွှေတိုင်ဦးမြတ်ကို(ရောင်ခြည်ဦးရုပ်ရှင်၊ ပြည့်စုံရုပ်ရှင်နှင့် ရသရုပ်ရှင်) တို့က တည်းဖြတ်မှတ်တမ်းပညာရှင် ကိုယ်စားလှယ်လောင်းအဖြစ် တင်သွင်းထားသည်။

စက်မှုအလွှာကိုယ်စားလှယ်လောင်းများတွင် ငွေစိုး၊ ကျော်ညွှန့်၊ မန်းတက္ကသိုလ်နေမျိုးဝင်း၊ မောင်လုံးနှင့် သောင်းဝင်းတို့ပါဝင်သည်။ ခင်မောင်ချင်း၊ မောင်သန်းဝင်း(ဦးပွ)၊ ညီကျော်နှင့် သန့်စင်ခေါ် ဘသာထူးတို့က ပြဇာတ်အလွှာမှပါဝင်သည်။ အုပ်ချုပ်ဖြန့်ချိပြသ ကိုယ်စားလှယ်လောင်းများတွင် ဌေးအောင်၊ မောင်မောင်၊ လှသိန်း၊ မောင်မောင်နိုင်၊ မင်္ဂလာဇော်မင်း၊ မျိုးကျော်ဦးနှင့် ဇော်မျိုးထွေးတို့ပါဝင်သည်။ ဗီဒီယိုအလွှာတွင် သိန်းထွန်း၊ ကျော်ထွန်း၊ ကိုကိုတင်၊ မျိုးဇော်နှင့် ကေခိုင်စိုးတို့ပါဝင်ကြောင်း သိရသည်။

**(အိုးဝေခင်မောင်ကွန့်)**



# ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းဖွင့်

**ပြည် ဒီဇင်ဘာ ၃၀**

ပြည်တွင်းအခွန်များဦးစီးဌာန ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ကြီးမှူးကျင်းပသော ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သင်တန်းခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)** ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်သက်ချိုဦးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၄၉၇)**

# သီတဂူစက္ခုဒါန ဆေးရုံကြီးသို့ လှူဒါန်း

**ကွန်းလှ ဒီဇင်ဘာ ၃၀**

ကွန်းလှမြို့ သီတဂူစက္ခုဒါန ဆေးရုံတော် တည်ဆောက်ရေး၌ ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဒီဇင်ဘာ ၂၁ ရက်က အဆိုပါဆေးရုံ၌ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ဆေးပဒေသာပင်အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၀၀၊ ဒေသခံပြည်သူများက ငွေကျပ် ၉၂ သိန်း စုစုပေါင်းဆေးပဒေသာပင် ငွေကျပ် ၁၉၂ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# သံတွဲမြို့နယ်တွင် ကျေးလက်အိမ်ရာ ၁၁ လုံး ဆောက်လုပ်

**သံတွဲ ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရန်ပုံငွေကျပ် ၃၃ သန်းဖြင့် အုန်းမော်ကျေးရွာနှင့် အောက်နတ်မော်ကျေးရွာ ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၃ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျေးလက်အိမ်ရာများ အရည်အသွေးပြည့်မီရေး သတ်မှတ်သည့် သစ်များဖြင့် အတိုင်းအတာပြည့်ဝစွာ ဆောက်လုပ်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ အဆိုပါကျေးလက်အိမ်ရာ ၁၁ လုံး ပြီးစီးပါက အုန်းမော်ကျေးရွာနှင့် အောက်နတ်မော်ကျေးရွာရှိ နေအိမ်မရှိသော အိမ်ထောင်စုများ နေအိမ်ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**(၅၂၂)**



ရှာမွေ့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ပဲခူးမြို့နယ်တွင် တရားမဝင်ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**ပဲခူး ဒီဇင်ဘာ ၃၀**

တရားမဝင် သစ်ထုတ်လုပ်ရောင်းဝယ်မှုများကို တာဝန်ရှိသူများက အဆက်မပြတ် ဖမ်းဆီးလျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက် ည ၁၁ နာရီခန့်က ပဲခူးမြို့ ရန်ကုန်-မန္တလေး ကားလမ်းဘေး စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် မြောက်မှတောင်သို့ မောင်းနှင်လာသော ၂၈/....(၁၂) ဘီး ကုန်တင်ယာဉ်ပေါ်တွင် တရားမဝင် ကျွန်းသစ်များ တင်ဆောင်လာကြောင်း သတင်းအရ ပဲခူးမြို့မ ရဲစခန်းမှ ရဲအုပ်ယဉ်မင်းထိုက် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်စန်းယုဝင်းနှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်၏ ရှေ့နှင့်နောက်တွင် နံပါတ်မှာ ၂၈/...တပ်ထားပြီး ဘေးနှစ်ဖက်၌ 3B/....တပ်ဆင်ထားသည်ကို တွေ့ရသည်။

အဆိုပါယာဉ်အား မိုးမိုး(ခ)ကိုဖြိုး(၃၈)နှစ် မောင်းနှင်လာပြီး ယာဉ်ကို ရှာဖွေစစ်ဆေးခဲ့ရာတွင် ပါကင်ထုပ် ၅၁ ထုပ်အနက် အထုပ်သုံးထုပ်တွင် တရားမဝင်ကျွန်းသစ် အရှည် ၁၃ ပေ စုစုပေါင်း ၁၆ ချောင်း၊ ကျန်သော အထုပ်များ၌ ကျွန်းသစ်ဖြင့် ပြုလုပ်ထားသော ပန်းထွင်း၊ ပန်းဖောက်၊ ပန်းဝိုင်းဆိုဒ်စုံတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ပဲခူးအမှတ်(၁)ရဲစခန်းက ပြည်သူပိုင်ပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှု

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်း ငါးမှု (အလေးချိန် ၁၁ ဒသမ ၆၁၃၄ ကီလို)၊ ဘိန်းဖြူ ၃၇ မှု (အလေးချိန် သုည ဒသမ ၅၁၀၄ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅ မှု (ဆေးပြားအရေအတွက် ၄၄၇၅၇ ပြား)၊ အဆင့်နိမ့်ဘိန်း လေးမှု (အလေးချိန် ၁ ဒသမ ၃၉၆ ကီလို)၊ ဘိန်းဆီခဲ တစ်မှု (အလေးချိန် သုည ဒသမ ၀၄၁၃ ကီလို)၊ ဆေးခြောက် တစ်မှု (အလေးချိန် သုည ဒသမ ၂၄၉၇ ကီလို)၊ ဘိန်းစာမှုန့် တစ်မှု (အလေးချိန် သုည ဒသမ ၂၉၅ ကီလို)၊ အိုက်စ် တစ်မှု (အလေးချိန် သုည ဒသမ ၀၀၁ ကီလို)၊ အခြားမှု နှစ်မှု၊ အမှုပေါင်း ၈၇ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၁၁ ဦး၊ အမျိုးသမီးတရားခံ ၁၂ ဦး စုစုပေါင်း တရားခံ ၁၂၃ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်တပ်ဖွဲ့စု (၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက်က မိုင်းဆတ်မြို့အဝင် ဆိုက်ခေါင်ဘီးခွန်ဂိတ်တွင် မိုင်းတမ်းဘက်မှ မိုင်းဆတ်ဘက်သို့ ရှာမွေ့ဆိုသူ မောင်းနှင်လာသည့် ယာဉ်အမှတ် YGN 6C/... မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ရှာမွေ့ဝတ်ဆင်ထားသော အကျႌအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသဖြင့် ရှာမွေ့(၂၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**


## လျှောက်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာစီမံကိန်းတွင် (၄၀/၃၀)ပေအကျယ် ကွန်ကရစ်လမ်း၊ အဆင့်မြင့် RCC တန်ဖိုး သင့်/မျှ (၄)ခန်းတွဲ (၅)ထပ် လူနေအထပ်မြင့် (မြို့ပြရေသန့်၊လျှပ်စစ်)ခန်းဖွဲ့(၂)ခန်း၊ ဧည့်ခန်း(၁)ခန်း ပါဝင်သည့်တိုက်ခန်းများ ဆောက်လုပ်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသောဝန်ထမ်း၊ အငြိမ်းစားများ(အမှန်တကယ်နေထိုင်မည့်သူများ)အား အရစ်ကျငွေချေစနစ်၊ အခန်းပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူခွင့် လျှောက်လွှာတစ်စောင်လျှင်(၂၀၀၀/-) (နှစ်ထောင်ကျပ်)နှုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| လျှောက်လွှာရောင်းချမည့်ရက် | - | ၁-၁-၂၀၁၅ရက် မှ ၃၁-၁-၂၀၁၅ရက် အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |
| လျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက် | - | ၃၁-၁-၂၀၁၅ရက်၊ ၁၆း၀၀နာရီ |
| လျှောက်လွှာရောင်းချမည့်နေရာ | - | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။ |

Vacancy Announcement –UNDP HR/2014

Advertised on behalf of: **United Nations Office of the High Commissioner for Human Rights**

| Job id | Title | Level | Duty station | Closing Date |
|---|---|---|---|---|
| 1. 52620 | National Human Rights Officer | SC-9 | Yangon | 9 Jan 2015 |
| 2. 52562 | Programme Assistant | SC-5 | Yangon | 7 Jan 2015 |
| 3. 52566 | Administrative Assistant | SC-5 | Yangon | 9 Jan 2015 |

For more details please refer to information on the bulletin board at UNDP Office, No.6, Natmauk Road, Tamwe Township, Yangon or please follow the link **http://jobs.undp.org/**. Applications should be apply on-line through above mentioned link. UNDP is an equal opportunity employer and is committed to achieving workforce diversity in terms of gender, nationality and culture. Individuals from minority groups, indigenous groups and persons with disabilities are equally encouraged to apply. Only those candidates in whose qualifications and experience the Organization has further interest will be contacted for subsequent interview(s). UNDP regrets its inability to reply individually or attend to telephone queries on the advertised posts.

UN DP
Empowered lives
Resilient nations

## သမဝါယမဝန်ကြီးဌာန

## Video Conferencing System၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာန၊ နေပြည်တော် သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမကောလိပ်(ဖောင်ကြီး/မန္တလေး)တို့တွင် အသုံးပြုရန်အတွက် Video Conferencing System၊ Serverများ၊ ရုံးသုံးစက်ကိရိယာနှင့် ဆက်စပ်စက်ပစ္စည်းကိရိယာများ၊ (လေအေးပေးစက်များ၊ ကွန်ပျူတာများ၊ Laptop ကွန်ပျူတာများ၊ ပရိုဂျက်တာ၊ မိတ္တူကူးစက်များ၊ ပရင်တာများ၊ စကင်နာများ၊ ဒစ်ဂျစ်တယ် ဗီဒီယိုကင်မရာနှင့် ဓာတ်ပုံကင်မရာများ၊ ရေစုပ်ပန့်၊ မြက်ဖြတ်စက်များ၊ မျက်နှာကြက်ပန်ကာများ၊ ဖက်စ်နှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများ)၊ ရုံးသုံးပရိဘောဂများ (ကျွန်းခုတင်များ၊ ကျွန်းစာရေးစားပွဲများ၊ သံမဏိဗီရိုများ)ဝယ်ယူရေးအတွက် မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၁-၂၀၁၅ရက် မှ ၉-၁-၂၀၁၅ ရက်အထိ ရုံးပိတ်ရက်မှအပ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း

၂။ အိတ်ဖွင့်တင်ဒါများကို ၂၂-၁-၂၀၁၅ ရက် ၁၂း၀၀နာရီမှ ၁၃း၀၀နာရီအတွင်း သမဝါမယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် ပေးသွင်းရန်ဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်သွင်းသူများရှေ့မှောက်၌ တစ်ပါတည်း ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်၍ သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်တင်သွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

သမဝါယမဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ်(၁၆)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၀၃၃၊ ၀၆၇-၄၁၀၃၃၇၊ ၀၆၇-၄၁၀၀၂၇၊ ၀၆၇-၄၁၀၃၉၇၊ ၀၆၇-၄၁၀၅၇၄၊ ၀၆၇-၄၁၀၃၇၈

GOLDEN STAR Travels & Tours
Scania,Volvo,Yutong အဆင့်မြင့်ကားများဖြင့်...
ကျိုက်ထီးရိုး (နေ့စဉ်) သံယာတော်/သီလရှင် အခမဲ့
ချောင်းသာ (နေ့စဉ်) ငွေဆောင်(သောကြာ)
Ph: 209200,430480,544383,703448,705968

ကျိုက်ထီးရိုး
သီးသန့် နေ့ချင်းပြန် ခရီးစဉ်
• အသွား – ရန်ကုန် မှ နံနက်(၅)နာရီ
• အပြန် – ကင်ပွန်းစခန်းမှ ညနေ(၅)နာရီ
လက်မှတ်ရောင်း/စင်းလုံးငှား
09-8630301
09-73494339

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတေဇာတင့်လွင်[၅/စကန(နိုင်)၁၆၉၄၂၀] Golden Sea & Land Forwarding Co.,Ltd ပိုင်ဆိုင်သော အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသော သွင်းကုန်ကြေညာလွှာ မှတ်ပုံတင်စာရင်း အမှတ်စဉ်မှုရင်း (၇၃၈၇၉၃)သည် ၂၆-၁၀-၂၀၁၄ ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးတေဇာတင့်လွင်[၅/စကန(နိုင်)၁၆၉၄၂၀]
ဖုန်း-၀၉- ၅၅၀၆၆၄၈၊ ၀၉-၇၃၁၆၆၆၄၈

# ပရီမီယာလိဂ်ရင်ခုန်သံ (၂၀)

***ပရီမီယာလိဂ် ပွဲစဉ် (၂၀) မတိုင်ခင်မှာ ပွဲစဉ် (၁၉)ကို ရက်သိပ်မခြားဘဲ ကစားခဲ့ရတာမို့ ပြိုင်ပွဲဝင် အသင်းတွေ ပွဲပန်းလာနိုင်တယ်။ အခုပွဲစဉ်မှာလန်ဒန်မြို့ခံပြိုင်ဘက်ချင်း ဆုံတွေ့ရမယ့် စပါးနဲ့ ချယ်လ်ဆီး ပွဲက သရေကျသွားဖို့ များတယ်။***

**စတုတ် - မန်ယူ 1-1-15 (7:15PM)**

စတုတ်ရဲ့တိုက်စစ်ပိုင်း အားနည်းမှုရှိသလို နောက်ပိုင်း အိမ်ကွင်းပွဲတွေမှာလည်း ခံစစ်ကအနည်းဆုံးနှစ်ဂိုးပေး နေရတာမို့ မန်ယူတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ ခက်တယ်။ မန်ယူက ခြေစွမ်းပိုင်းမဆိုးဘူး။ မန်ယူနိုင်ပွဲရနိုင်တယ်။

**အက်စတွန်ဗီလာ - ခရစ္စတယ်ပဲလေ့စ် 1-1-15(9:30PM)**

ပဲလေ့စ်က အဝေးကွင်းမှာခြေစွမ်းသာမန်သာရှိပြီး ပုံမှန်ဂိုးသွင်းခြေရဖို့လည်း ရုန်းကန်နေရတယ်။ ဗီလာရဲ့ ခြေစွမ်း အနည်းငယ် အားနည်းမှုရှိပေမယ့် အိမ်ကွင်းပွဲတွေမှာ ရုန်းအားကောင်းနေတယ်။ ဗီလာနိုင်ပွဲရမှာပါ။

**ဝက်စ်ဟမ်း - ဝက်စ်ဘရွန်း 1-1-15 (9:30PM)**

ဝက်စ်ဟမ်းရဲ့ ရုန်းအားကောင်းနေပေမယ့် ဒီပွဲမတိုင်ခင်မှာ ချယ်လ်ဆီး၊ အာဆင်နယ်တို့နဲ့ ဆက်တိုက်ကစားခဲ့ရလို့ ပွဲပန်းလာမှာပါ။ ဝက်စ်ဘရွန်းရဲ့ရုန်းအားကြောင့် ဝက်စ်ဟမ်းတို့ အခက်တွေ့နိုင်ပြီး သရေလောက်ပဲကစားသွားနိုင်ဖို့ရှိတယ်။

**နယူးကာဆယ် - ဘန်လေ 1-1-15 (9:30PM)**

နှစ်သင်းစလုံးဒီပွဲမတိုင်ခင် ပွဲကျပ်တွေကစားခဲ့ရတာမို့ ပွဲပန်းလာနိုင်တာကိုသတိပြုရမယ်။ ဒါပေမယ့် ဘန်လေရဲ့ အဝေးကွင်းခြေစွမ်း အားနည်းလွန်းတာကြောင့် နယူးကာဆယ်ကသာ ကပ်နိုင်သွားနိုင်တယ်။

**ကျူပီအာ - ဆွမ်ဆီး 1-1-15(9:30PM)**

ကျူပီအာကအိမ်ကွင်းမှာ ရလဒ်ကောင်းတွေ ရနေသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိတယ်။ ဆွမ်ဆီးက ဒီပွဲမကစားခင် လီဗာပူးနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တယ်။ အိမ်ကွင်းမှာ ကျူပီအာပဲ အနိုင်ရသွားမှာပါ။

**မန်စီးတီး - ဆန်းဒါးလန်း 1-1-15(9:30PM)**

မန်စီးတီးမှာ တိုက်စစ်မှူးတွေ ဒဏ်ရာရနေပေမယ့် ဆေးလ်ဗား၊ ယာယာတိုရေးတို့ဂိုးသွင်းခြေရှိနေတာမို့ ဆန်းဒါးလန်း ခံစစ်ကိုဖိအားပေးနိုင်မှာပါ။ ဆန်းဒါးလန်းက နောက်ပိုင်း အဝေးကွင်းပွဲတွေမှာ ရုန်းအားမဆိုးပေမယ့် မန်စီးတီးပဲအနိုင်ရမှာပါ။

**လီဗာပူး - လက်စတာ 1-1-15(9:30PM)**

လီဗာပူးဟာအိမ်ကွင်းမှာ ရုန်းအား ကောင်းမွန်တတ်ပြီး အိမ်ကွင်းမှာ အာဆင်နယ်ကို သရေကစားနိုင်ခဲ့ပေမယ့်တိုက်စစ်နဲ့ခံစစ် အားနည်းမှုရှိတယ်။ လက်စတာကလည်း အဝေးကွင်းမှာ ရုန်းကန်နေရပြီး တိုက်စစ်ပိုင်း အားနည်းတာကြောင့်လီဗာပူးနိုင်မှာပါ။

**ဆောက်သမ်တန် - အာဆင်နယ် 1-1-15(9:30PM)**

ဆောက်သမ်တန်က ခြေစွမ်းပိုင်း အနည်းငယ် အားနည်းနေပြီး ဒီပွဲမတိုင်ခင်မှာလည်း ရက်သိပ်မခြားဘဲ ချယ်လ်ဆီးနဲ့ကစားခဲ့ရလို့ပွဲပန်းလာနိုင်တယ်။ အာဆင်နယ်က အဝေးကွင်းမှာအနည်းငယ် ရုန်းကန်နေရပေမယ့် တိုက်စစ်ပိုင်းမဆိုးဘူး။ အာဆင်နယ်ပဲကပ်နိုင်မယ်။ ဂိုးပြတ်ဖို့တော့ခက်တယ်။

**ဟားလ်စီးတီး - အဲဗာတန် 1-1-15(9:30PM)**

ဟားလ်စီးတီးရဲ့ ခြေစွမ်းအားနည်းမှုရှိနေပြီး နောက်ပိုင်းပွဲတွေ မှာလည်းတိုက်စစ်က ပုံမှန်ဂိုးသွင်းခြေရဖို့ ရုန်းကန်နေရတယ်။ အဲဗာတန်က အဝေးကွင်းမှာ ရုန်းကန်နေရတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းမာကျောမှုရှိတယ်။ အဲဗာတန်ပဲ အနိုင်ရသွားနိုင်တယ်။ ဂိုးပြတ်ဖို့တော့ ခက်တယ်။

**စပါး - ချယ်လ်ဆီး 2-1-15(00:00AM)**

စပါးဟာ ဒီပွဲမကစားခင်မှာမန်ယူနဲ့ ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ ချယ်လ်ဆီးက အဝေးကွင်းမှာ အနည်းငယ် ရုန်းကန်ရပေမယ့် တိုက်စစ်ကစားပုံမဆိုးဘူး။ လန်ဒန်မြို့ခံ ပြိုင်ဘက်ချင်းဆုံတွေ့တဲ့ပွဲမှာ သရေကျဖို့ များတယ်။

**ရှိုင်းမင်းမင်း**



# စီရိုနယ်လ်ဒိုနှင့် အန်ဆယ်လော့တီ ၂၀၁၄ တစ်နှစ်တာအကောင်းဆုံးဆုများဆွတ်ခူး

ရီးယဲလ်မက်ဒရစ် အသင်းမှ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ကမ္ဘာလုံးဆိုင်ရာ ဘောလုံးကျွမ်းကျင်သူများကို ဆုချီးမြှင့်သည့် The Globe Soccer Award အခမ်းအနားတွင် ၂၀၁၄ ခုနှစ်၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ် အသင်းနည်းပြ ကားလို့စ်အန်ဆယ်လော့တီသည်လည်း ၂၀၁၄ ခုနှစ်၏ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါဆုပေးပွဲကို ဒူဘိုင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲ တစ်ခုတည်းတွင် ဂိုးများစွာသွင်းယူပေးနိုင်ခဲ့ခြင်းနှင့်အတူ ရီးယဲလ်မက်ဒရစ်အသင်းကိုလည်း ချန်ပီယံလိဂ် (၁၀)ကြိမ်မြောက် ချန်ပီယံအဖြစ် ဆွတ်ခူးပေးနိုင်ခဲ့ခြင်းတို့ကြောင့် ၂၀၁၄ ခုနှစ်၏ တစ်နှစ်တာ အကောင်းဆုံးဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုလည်း ဘာစီလိုနာ တိုက်စစ်မှူးမက်ဆီ၊ ဘိုင်ယန်မြူးနစ်ဂိုးသမား နျူအာတို့အား ကျော်ဖြတ်ကာ ရယူဆွတ်ခူးနိုင်မည့် ကစားသမားအဖြစ် ရေပန်းစားနေပြီး ဇန်နဝါရီ ၁၂ တွင် ကြေညာမည့် အဆိုပါကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကိုလည်း စီရိုနယ်လ်ဒိုအနေဖြင့် မျှော်လင့်ထားကြောင်း ၂၀၁၄ ခုနှစ်၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု လက်ခံရယူပြီးနောက် ပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ကားလို့စ်အန်ဆယ်လော့တီသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပထမရာသီမှာပင် စပိန်ကိုပါဒယ်ရေး ဖလားကို ဆွတ်ခူးနိုင်ရေး စွမ်းဆောင်ပေးခဲ့သည့်အပြင် မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းကိုလေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ (၁၀)ကြိမ်မြောက်ချန်ပီယံလိဂ်ဖလားကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ်၏ တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကိုရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြအန်ဆယ်လော့တီသည် အီတလီမြေတွင် အေစီမီလန်အသင်း၊ အင်္ဂလန်မြေတွင် ချယ်လ်ဆီးအသင်း၊ ပြင်သစ်မြေတွင် ပီအက်စ်ဂျီအသင်း စသည့် အသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့စဉ်ကလည်း ပြည်တွင်း အမှတ်ပေးဖလားများကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

**(နိုင်လင်းကြည်)**

# ဆွမ်ဆီးတောင်ပံကစားသမား ဂျက်ဖာဆန် တစ်လကြာအနားယူရမည်

ဆွမ်ဆီးတောင်ပံကစားသမား ဂျက်ဖာဆန်သည် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် တစ်လကြာ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၅)နှစ်အရွယ်ရှိ အီကွေဒေါကြယ်ပွင့် ဂျက်ဖာဆန်သည် Boxing Day တွင် ဆွမ်ဆီးအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး မျက်ရည်ကျလျက် ကွင်းအတွင်းမှ ထွက်ခဲ့ရသည်။ တောင်ပံကစားသမား ဂျက်ဖာဆန်သည် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်အပါအဝင် အနည်းဆုံးလေးပွဲအထိ ဆွမ်ဆီးအသင်းနှင့်အတူ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။

ဆွမ်ဆီးအသင်းသည် ဟားလ်စီးတီးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပါအဝင် အက်စ်တွန်ဗီလာအသင်းအား ထပ်မံအနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့ပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် အဆင့်(၈)နေရာတွင် ရပ်တည်လျက်ရှိသည်။

**(ငွေကြယ်)**

# ကြေညာချက်

၁။ စက်မြင်းကောင်ရေ(၂၀)အထက်၊ (၂၀)အောက်ရေယာဉ်များနှင့် ရေယာဉ် Plan Approval မလိုအပ်သည့် ရေယာဉ်များမှအပ ကျန်ရေယာဉ်အသစ်များ တည်ဆောက်ခြင်းကိစ္စနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ဆောင်ရွက်သွားရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဤကြေညာချက်အား ထုတ်ပြန်လိုက်သည်။

(က) ရေယာဉ်တည်ဆောက်ခွင့်ကို ရေယာဉ်ပိုင်ရှင်မှ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) လျှောက်ထားရာတွင် ရေယာဉ်ပုံစံ(၃)စုံနှင့်အတူ ရေယာဉ်ပိုင်ရှင်၏ အမည်၊ လိပ်စာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ တည်ဆောက်မည့် လွှန်းကျင်းအမည်နှင့်လိပ်စာကိုပါ ထည့်သွင်းရေးသား လျှောက်ထားရမည်။

မှတ်ချက် ။ ။ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် နောက်ပိုင်းတည်ဆောက်မည့် အထက်အပိုဒ်(၁)ပါ ရေယာဉ်များသည် ဤကြေညာချက်နှင့် အကျုံးဝင်သည်။

၂။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းအင်ဂျင်နီယာဌာနခွဲသည် အောက်ပါအတိုင်း ဆောင်ရွက်သွားရမည် ဖြစ်သည်-

(က) ရေယာဉ်၏ကိုယ်ထည်နံပါတ်သတ်မှတ်ပေးခြင်း

(ခ) ရေယာဉ်ပုံစံအား အတည်ပြုခြင်း၊

(ဂ) တည်ဆောက်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အတည်ပြုထုတ်ပေးသော တည်ဆောက်ခွင့်ရရှိပြီးမှသာလျှင် ရေယာဉ်ကို တည်ဆောက်သွားရမည်ဖြစ်သည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-70000
No-၁၁/၁၃၊၃ လွှာ၊၄၅လမ်း၊ဗိုလ်ထောင်။
Ph-203519
09 516 1773, 09 731 61773

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၃၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

**Happy 8th Birthday**
**Myat Manaw Phyu @ Akelpo**
**Primary 2 (Total Learning Academy)**

(၃၁.၁၂.၂၀၁၄) နေ့တွင် ကျရောက်သော **အကဲပို** လေး၏ (၈) နှစ်ပြည့် မွေးနေ့မှ သည် အသက်ရာကျော်ရှည်၍ တတ်သိလိမ္မာသော ပညာဉာဏ်ထူးချွန်ထက်မြက်သော မိသားစု၏ အားထားရာ သမီးရတနာလေးအဖြစ် ဘဘ၊မာမေးနှင့် ဖေဖေ၊မေမေ တို့၏ မေတ္တာရိပ်မှာ ထာဝရ ပျော်ရွှင်နိုင်ပါစေ .....

ဘဘ+မာမေး၊ ဦးငယ်
ဦးသား+မေစု၊ဦးလတ်+တီလတ်၊တီကောင်
ကိုဂျဲ၊အားကု၊တုံတုံ

ဖေဖေ ၊ မေမေ တို့၏ ချစ်သမီးကြီး မြတ်မနောဖြူ ၏(၈)နှစ်ပြည့်မွေးနေ့မှသည်မွေးနေ့ပေါင်းရာကျော်တိုင် ပျော်ရွှင်ကျန်းမာစွာဖြင့် မိမိသိက္ခာ၊မိမိသီလ၊မိမိအတတ်ပညာတို့နှင့်တောက်ပသည့်အနာဂတ်များကို ဖန်တီးနိုင်သော သမီးကောင်းရတနာလေး ဖြစ်ပါစေ...

နှစ်ဖက်သော ဖိုးဖိုး ၊ ဖွားဖွား တို့နှင့်
ချစ်ဖေဖေ-ဦးအောင်သက်ဦး
ချစ်မေမေ-ဒေါ်ဆုနှင်းထက်@ မီးမီး
ချစ်ညီမလေး- မြတ်ပန်းနုံ့သာ@ သူ့ထက်သာ


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
HAPPY NEW YEAR 2015
GOLDEN CITY
Phase II
Launching Soon
Upgrade Silver Card To Gold Card
Enjoy An Additional 5% Discount
• LIVE THE GOLDEN CITY LIFE •
Elite Community
Premier Leading Serviced and Hotel Residence
Grade A Office
Luxury Shopping Center
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Developer: Golden Land Real Estate Development Co., Ltd.
Website: www.glredcl.com

# မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကြမ်း

**ယမန်နေ့မှ အဆက်**

**အခန်း(၉)**

**မသန်စွမ်းသူများပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး**

၃၂။ အမျိုးသား ကော်မတီသည်-

(က) မသန်စွမ်းသူများ လူမှုအသိုက်အဝန်းတွင် သန်စွမ်းသူများနည်းတူ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ မသန်စွမ်းသူများ၏လုပ်ရည်ကိုင်ရည်နှင့်စွမ်းဆောင်နိုင်မှုများကို မြှင့်တင်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း၊ ဘာသာစကားဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်းကောင်း မူဝါဒများ၊ စီမံချက်များနှင့် အစီအစဉ်များ ချမှတ်ရမည်၊

(ခ) မသန်စွမ်းသူများအား ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များကို ရန်ပုံငွေမှဖြစ်နိုင်သမျှ ပံ့ပိုးထောက်ပံ့ပေးရမည်။

၃၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် အမျိုးသားကော်မတီကပုဒ်မ၃၂ပုဒ်မခွဲ(က)အရ ချမှတ်ထားသော မူဝါဒများ၊ စီမံချက်များ၊ အစီအစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် -

(က) သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ မသန်စွမ်းသူများအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စေတနာရှင်များနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်၊

(ခ) ဘေးအန္တရာယ်အမျိုးမျိုးအတွက် အရေးပေါ်အခြေအနေများတွင် မသန်စွမ်းသူများကို ဦးစားပေး၍ ရှာဖွေကယ်ဆယ်ရေး၊ အကာအကွယ်ပေးရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရမည်၊

(ဂ) ဘေးအန္တရာယ်အမျိုးမျိုးအတွက် ကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေးအပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့် ရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်၊

(ဃ) ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း၊ ဘာသာစကားနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ခေတ်မီနည်းပညာများ လေ့ကျင့် သင်ကြားပေးရမည်။

၃၄။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိက စေတနာရှင်များနှင့်ညှိနှိုင်းပြီးမသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) မသန်စွမ်းသူများအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ်အစားထိုးကုသသည့်ဆေးရုံများ၊ ဆေးခန်းများ၊ လေ့ကျင့်သင်ကြားရေးကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ်အစားထိုးသည့်ပညာရှင်များ၏ စွမ်းရည်မြှင့်တင်ပေးခြင်း၊ လိုအပ်သော ခေတ်မီ စက်ကိရိယာများ ပံ့ပိုးပေးခြင်း။

**အခန်း(၁၀)**

**မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်း**

၃၅။ အမျိုးသားကော်မတီသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး -

(က) မသန်စွမ်းသူများအတွက် သန်စွမ်းသူများနည်းတူ တန်းတူညီမျှ အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှုမရှိရေး၊ အဓမ္မ အလုပ်စေခိုင်းမှု တားဆီးကာကွယ်ရေး၊ အလုပ်လုပ်နိုင်သော စွမ်းရည်အလိုက် လုပ်ခလစာနှင့် အကျိုးခံစားခွင့်များတည်ဆဲ ဥပဒေနှင့်အညီရရှိရေး၊ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားခွင့်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် ဝန်ထမ်းများအဖြစ် လုပ်ကိုင်ခွင့်ရရှိရေး၊ လုပ်ငန်းခွင်တွင် လွယ်ကူစွာ ဝင်ထွက်သွားလာလုပ်ကိုင်နိုင်ရေး၊ သင့်လျော်သော နေရာထိုင်ခင်းသို့မဟုတ် အစီအစဉ်များ ဆောင်ရွက်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက်မူဝါဒနှင့်စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ခ) မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းနှင့် ပုဂ္ဂလိက အသက်မွေးမှု သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည်၊

(ဂ) အောက်ပါအခွန်အခကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် တည်ဆဲအခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းအတိုင်း တင်ပြဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည် -

(၁) မသန်စွမ်းသူများအတွက် ပြည်ပမှ လှူဒါန်းထောက်ပံ့သည့် ငွေကြေးနှင့် ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်များ ရရှိရန်၊

(၂) စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ မသန်စွမ်းသူများ အသုံးပြုရန် ပြည်ပမှတင်သွင်းသော အထောက်အကူပြု ပစ္စည်းကိရိယာများ၊ လေ့ကျင့်သင်ကြားရေးပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ ဆေးဝါးများ၊ ဆေးကုသရေးပစ္စည်းကိရိယာများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်သွင်းခွင့်၊ အခွန်အခကင်းလွတ်ခွင့်များရရှိရန်၊

(၃) မသန်စွမ်းသူများနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များမှ မသန်စွမ်းသူများ အသုံးပြုရန် ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများအပေါ် အခွန်အခကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်များရရှိရန်၊

(၄) မသန်စွမ်းသူများကို အလုပ်အကိုင်ခန့်ထားပေးသောအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်ထက်ပို၍ မသန်စွမ်းသူများကို အလုပ်ခန့်ထားပေးပါကပို၍ ခန့်ထားသော မသန်စွမ်းသူဦးရေအလိုက် အခွန်လျှော့ပေါ့ခွင့်ရရှိရန်၊

(၅) မသန်စွမ်းသူများကိုယ်တိုင် တည်ထောင်ထားသည့် စီးပွားရေးလုပ်ငန်းများ၊ ယင်းတို့ ကိုယ်တိုင်ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ရရှိရန်။

၃၆။ အလုပ်ရှင်သည် -

(က) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် စပ်လျဉ်း၍အမျိုးသား ကော်မတီကချမှတ်သောမူဝါဒနှင့် စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) အလုပ်ဌာနတွင်အလုပ်အကိုင် အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သင့်လျော်သောအလုပ်တွင် အမျိုးသားကော်မတီမှ သတ်မှတ်ပေးသော ဝေပုံကျနှုန်းထား အရေအတွက်အတိုင်း ခန့်ထားရမည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ အလုပ်သမားသို့မဟုတ် ဝန်ထမ်းတို့ကို ခန့်ထားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများကိုရွေးချယ်ခန့်ထားရမည်၊

(ဃ) မသန်စွမ်းသူများအားအလုပ်ခန့်ထားရာတွင် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိမှုအပေါ် မူတည်၍ လူတွေ့စစ်ဆေးခန့်ထားရေး၊ လုပ်ခလစာနှင့် အလုပ်သမားအခွင့်အရေးများ တန်းတူခံစားခွင့်ရှိရေး၊ ရာထူးတိုးမြှင့်ရေး၊ အလုပ်ခွင်တည်မြဲရေး၊အခမဲ့ အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားခွင့်ရရှိရေးအပါအဝင် မသန်စွမ်းသူများနှင့်သင့်လျော်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရမည်၊

(င) ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားခြင်းမပြုနိုင်လျှင်ဖြစ်စေ၊ အလုပ်ခန့်ထားရန် အခြေအနေမပေးလျှင် သို့မဟုတ် အခွင့်အလမ်းမရှိလျှင်ဖြစ်စေ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေသို့ သတ်မှတ်ထားသောငွေပမာဏကို ဝေပုံကျနှုန်းထားအရေအတွက်အတိုင်းပေးသွင်းရမည်၊

(စ) ပုဒ်မခွဲ (ခ)အရ အလုပ်ခန့်အပ်ထားသော မသန်စွမ်းအလုပ်သမားသို့မဟုတ် ဝန်ထမ်းဦးရေစာရင်းကို လည်းကောင်း၊ အလုပ်ခန့်ထားရန်ရှိသော လစ်လပ်သည့် အလုပ်အကိုင်စာရင်းကို လည်းကောင်း လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ပေးပို့ရမည်။

**အခန်း (၁၁)**

**မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း**

၃၇။ မသန်စွမ်းသူများသည် ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန်အတွက် ၎င်းတို့၏ ဆန္ဒအလျောက်မသန်စွမ်းသူဖြစ်ကြောင်းအသိအမှတ်ပြုရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်လျှောက်ထားနိုင်သည်။

၃၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် -

(က) လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို မှတ်ပုံတင်အရာရှိချုပ်အဖြစ်တာဝန်ပေးရမည်၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် လူမှုဝန်ထမ်းအရာရှိများကို မှတ်ပုံတင်အရာရှိများအဖြစ်ခန့်အပ် တာဝန်ပေးရမည်။

၃၉။ မှတ်ပုံတင်အရာရှိချုပ်သည်အမျိုးသားကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်နှင့်အညီ -

(က) မသန်စွမ်းသူများအားလုံး ၎င်းတို့၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် စာရင်းဇယားများပြုစုခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက်ရမည်၊

(ခ) မသန်စွမ်းသူများမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များကိုကာကွယ်နိုင်ရန်အပြည်ပြည်ဆိုင်ရာကလက်ခံထားသည့် စံများ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဂ) မသန်စွမ်းသူများမှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့်စိစစ်သတ်မှတ်သည့်အဖွဲ့က ဆေးစစ်ဆေးခြင်းတို့ကို လွယ်ကူအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးရမည်၊

(ဃ) မသန်စွမ်းသူများကို မှတ်ပုံတင်ခြင်း၊ မသန်စွမ်းမှုအဆင့်စိစစ်သတ်မှတ်သည့်အဖွဲ့ထံတွင် ဆေးစစ်ဆေးမှုခံယူရန် ဆောင်ရွက်ပေးခြင်း၊ဆေးစစ်ဆေးခြင်းနှင့် ဆေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းတို့ကို အခမဲ့စီစဉ်ဆောင်ရွက်ပေးရမည်။

၄၀။ မသန်စွမ်းသူများသည်မိမိဆန္ဒအလျောက် မသန်စွမ်းသူအဖြစ် မှတ်ပုံတင်နိုင်ရန် သို့မဟုတ်မှတ်ပုံတင်ထားသည့် မသန်စွမ်းသူက မသန်စွမ်းမှုအဆင့်ပြင်ဆင်သတ်မှတ်ရန်အတွက် မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့ကိုယ်တိုင်ဖြစ်စေ၊ မိဘအုပ်ထိန်းသူသို့မဟုတ်ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၁။ မှတ်ပုံတင်ကြီးကြပ်ရေးမှူးသည်-

(က) ပုဒ်မ ၄၀ အရလျှောက်ထားချက်ကိုစိစစ်ပြီးမသန်စွမ်းမှုနှင့်စပ်လျဉ်း၍ဆေးထောက်ခံ ချက်လက်မှတ်ထုတ်ပေးမည့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ထံတွင် ဆေးစစ်နိုင်ရန် ဆောင်ရွက်ပေးရမည်၊

(ခ) ပုဒ်မခွဲ(က)အရ မသန်စွမ်းမှုအဆင့်စိစစ်သတ်မှတ်သည့်အဖွဲ့က ထုတ်ပေးသော ဆေးထောက်ခံချက်လက်မှတ်နှင့်အတူ လျှောက်ထားချက်ကိုသက်ဆိုင်ရာမှတ်ပုံတင် အရာရှိသို့ တင်ပြရမည်။

၄၂။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)အရ တင်ပြလျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့တင်ပြရမည်၊

(ခ) မှတ်ပုံတင်ထားသည့်မသန်စွမ်းသူက မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန်လျှောက်ထားလာသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ အတည်ပြုချက်ရယူ၍ မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်ပေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ မှတ်တမ်းတင်ရန်စာရင်းပေးပို့ရမည်၊

(ဂ) မှတ်ပုံတင်ထားသည့်မသန်စွမ်းသူသည် မသန်စွမ်းမှု အဆင့်ပြင်ဆင် သတ်မှတ်ပေးရန် လျှောက်ထားခြင်းနှင့် မသန်စွမ်းသူသည် သတ်မှတ်ထားသောမသန်စွမ်းမှု အင်္ဂါရပ်များနှင့် အကျုံးမဝင်တော့ကြောင်းတွေ့ရှိသည့်အခါရှင်းလင်းချက်၊ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့၏ မှတ်ချက်တို့နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့တင်ပြရမည်။

၄၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည်-

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က)အရ တင်ပြသော လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ(က)အရ မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ခွင့်ပြုပါက လျှောက်ထားသူအား သက်သေခံလက်မှတ် ထုတ်ပေးရမည်၊

(ဂ) ပုဒ်မ၄၂၊ ပုဒ်မခွဲ(ဂ)အရမသန်စွမ်းမှုအဆင့်ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်းနှင့် သတ်မှတ်ထားသော မသန်စွမ်းမှုအင်္ဂါရပ်များနှင့် အကျုံးမဝင်တော့ကြောင်းတင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း သို့မဟုတ်ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ဃ) မသန်စွမ်းသူများကိုမှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ မသန်စွမ်းမှုအဆင့်ပြင်ဆင် သတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသောမသန်စွမ်းမှု အင်္ဂါရပ်များနှင့် အကျုံးမဝင်တော့ခြင်းတို့အတွက် စာရင်းများကို မှတ်တမ်းတင်နိုင်ရန် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်အရာရှိချုပ်ထံသို့ တင်ပြရမည်။

**အခန်း (၁၂)**

**မသန်စွမ်းသူများအသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း**

၄၄။ မသန်စွမ်းသူများအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်သောအဖွဲ့အစည်းများသည် ဤဥပဒေပါအခွင့်အရေးများ၊ လိုအပ်သော နည်းပညာများ၊ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများရရှိရန်အတွက်၎င်းတို့၏ ဆန္ဒအလျောက်အဖွဲ့အစည်းအား သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်လျှောက်ထားနိုင်သည်။

၄၅။ မသန်စွမ်းသူအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူများအသင်းအဖွဲ့များမှမဟုတ်သည့် မသန်စွမ်းသူကိုယ်စားလှယ်များဖြင့် ဗဟိုမသန်စွမ်းသူအသင်းကိုဖွဲ့စည်းပြီး အမျိုးသားကော်မတီနှင့်ညှိနှိုင်း၍လုပ်ငန်းတာဝန်များသတ်မှတ်ရမည်။

၄၆။ မှတ်ပုံတင်အရာရှိချုပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ မသန်စွမ်းသူအသင်းအဖွဲ့များကို ဤဥပဒေနှင့် အညီ မှတ်ပုံတင်နိုင်ရေးအတွက် ဗဟိုမသန်စွမ်းသူများအဖွဲ့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

၄၇။ မသန်စွမ်းမှုအမျိုးအစားအလိုက်ဖြစ်စေ၊ မသန်စွမ်းမှုအမျိုးအစားများစုပေါင်း၍ဖြစ်စေ သက်ဆိုင်ရာမသန်စွမ်းသူများအသင်းအဖွဲ့ တစ်ခုခုကို မှတ်ပုံတင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဗဟိုမသန်စွမ်းသူများအသင်းမှတစ်ဆင့် ဗဟိုမသန်စွမ်းသူများအသင်းသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၄၈။ ဗဟိုမသန်စွမ်းသူများအသင်းသည် ပုဒ်မ ၄၇အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကိုစိစစ်ပြီးသဘောထား မှတ်ချက်ဖြင့် မှတ်ပုံတင်အရာရှိချုပ်ထံသို့ တင်ပြရမည်။

၄၉။ မှတ်ပုံတင် အရာရှိချုပ်သည် -

(က) ပုဒ်မ၄၈အရ ဗဟိုမသန်စွမ်းသူများအသင်း၏ တင်ပြချက်များကို စိစစ်ပြီးအသင်းအဖွဲ့၏ မှတ်ပုံတင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုသော မသန်စွမ်းသူများအသင်းအဖွဲ့ကို သတ်မှတ်ထားသောမှတ်ပုံတင်ခ ပေးသွင်းစေ၍ စည်းကမ်းချက်များနှင့်အတူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၅၀။ ဤဥပဒေအာဏာမတည်မီကအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးကြီးကြပ်ရေးဗဟိုအဖွဲ့တွင် ဖွဲ့စည်းခဲ့သော မသန်စွမ်းသူအသင်းအဖွဲ့တစ်ခုခုသည် အသင်းအဖွဲ့မှတ်ပုံတင်ရန်

**စာမျက်နှာ ၁၆ သို့**

## ဥပဒေကြစ်း

**စာမျက်နှာ ၁၅ မှ**

ဤဥပဒေ အာဏာတည်ပြီးနောက် ရက်ပေါင်း ၁၈၀အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အဆင့် ဗဟိုမသန်စွမ်းသူများအသင်းမှ တစ်ဆင့် ဗဟိုမသန်စွမ်းသူများအသင်းသို့ သတ်မှတ်ချက်နှင့် အညီ လျှောက်ထားရမည်။

၅၁။ ဗဟိုမသန်စွမ်းသူများအသင်းသည်ပုဒ်မ၅၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိချုပ်ထံ တင်ပြရမည်။

၅၂။ မှတ်ပုံတင် အရာရှိချုပ်သည်ပုဒ်မ ၅၁ အရ တင်ပြချက်ကို စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းနှင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့ကို ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ)နှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ မသန်စွမ်းသူများအသင်းအဖွဲ့တစ်ခုခုက မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး နောက် ဆက်လက်မှတ်ပုံတင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက် ပေါင်း ၉၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဗဟိုမသန်စွမ်းသူများအသင်းမှတစ်ဆင့် ဗဟို မသန်စွမ်းသူများအသင်းသို့လျှောက်ထားရမည်။

၅၄။ ဗဟိုမသန်စွမ်းသူများအသင်းသည် ပုဒ်မ၅၃ အရလျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်အရာရှိချုပ်၏ သဘောတူညီချက်ဖြင့် သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၅။ ဤဥပဒေအရ မှတ်ပုံတင်ထားသော မသန်စွမ်းသူများအသင်းအဖွဲ့ တစ်ခုခုသည် -

(က) သတ်မှတ်ထားသော စည်းကမ်းချက် တစ်စုံတစ်ရာကို ဖောက်ဖျက်ခြင်း မပြုရ၊

(ခ) အမျိုးသားကော်မတီကချမှတ်သောမူဝါဒ၊ လမ်းညွှန်ချက်များနှင့် အညီအကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်မှုမရှိစေရ၊

(ဂ) ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၅၆။ မှတ်ပုံတင်အရာရှိချုပ်သည် ဤဥပဒေအရမှတ်ပုံတင်ထားသော မသန်စွမ်းသူများအသင်းအဖွဲ့တစ်ခုခုက ပုဒ်မ ၅၅ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါကထိုအသင်းအဖွဲ့ကို အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) သက်ဆိုင်ရာ မသန်စွမ်းသူအသင်းအဖွဲ့ တစ်ခုခု၏ မှတ်ပုံတင် လက်မှတ်ကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသော ကာလအထိ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) သက်ဆိုင်ရာ မသန်စွမ်းသူအသင်းအဖွဲ့တစ်ခုခု၏ မှတ်ပုံတင် လက်မှတ်ကိုပယ်ဖျက်ခြင်း။

### အခန်း (၁၃)
### ပုဂ္ဂလိက ပညာသင်ကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှုသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ခြင်း

၅၇။ မသန်စွမ်းသူများ၏ပညာရေးအတွက် ပုဂ္ဂလိကပညာသင်ကျောင်းကို ဖြစ်စေ၊ မသန်စွမ်းသူများ၏ အသက်မွေးဝမ်းကျောင်း ပညာအတွက်ပုဂ္ဂလိက အသက်မွေးမှုသင်တန်းကျောင်းကိုဖြစ်စေ၊ မသန်စွမ်းသူများ၏ ပြုစုပျိုးထောင် ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာန ကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်နေသူသို့မဟုတ် တည်ထောင်ဖွင့်လှစ်လိုသူ သည် ခွင့်ပြုမိန့်ရရှိရန်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှု ဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၅၇ အရ လုပ်ငန်းတည်ထောင် ဖွင့်လှစ်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၅၉။ လူမှုဝန်ထမ်း ဦးစီးဌာနသည် -

(က) ပုဒ်မ ၅၈ အရ လျှောက်ထားချက်နှင့် သဘောထား မှတ်ချက်တို့ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင် သည်၊

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်ခွင့်ပြုပါက ပိုင်ရှင်အား သတ်မှတ် ထားသော အခကြေးငွေ ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် ခွင့်ပြုမိန့်သက်တမ်းတို့ကို သတ်မှတ်၍ ခွင့်ပြုမိန့်ကို ထုတ်ပေးရ မည်။

၆၀။ ပိုင်ရှင်တစ်ဦးဦးကခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပြီးနောက် ပုဂ္ဂလိကပညာ သင်ကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှုသင်တန်းကျောင်းနှင့် ပုဂ္ဂလိကပြန်လည် ထူထောင်ရေးဌာနတစ်ခုခုကို ဆက်လက်၍ ဖွင့်လှစ်ဆောင်ရွက်လိုလျှင် ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး များမှတစ်ဆင့်လူမှုဝန်ထမ်းဦးစီးဌာနသို့လျှောက်ထားရမည်။

၆၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၆၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်းသို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၂။ ပုဒ်မ ၆၁အရ ခွင့်ပြုပါက သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး သက်တမ်း တိုးမြှင့်ပေးရမည်။

၆၃။ ပိုင်ရှင် တစ်ဦးဦးသည် -

(က) သတ်မှတ်ထားသော စည်းကမ်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ခြင်း မပြုရ၊

(ခ) အမျိုးသားကော်မတီက ချမှတ်သောမူဝါဒ၊ လမ်းညွှန်ချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်မှု မရှိစေရ၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တာဝန်နှင့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၆၄။ လူမှုဝန်ထမ်း ဦးစီးဌာနသည် ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိသူ ပိုင်ရှင်က ပုဒ်မ ၆၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက ထိုပိုင်ရှင်ကိုအောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီ ရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

### အခန်း (၁၄)
### အယူခံခြင်း

၆၅။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ကော်မတီကပုဒ်မ ၄၃ အရ မသန်စွမ်း သူများအား မှတ်ပုံတင်ရန်ငြင်းပယ်ခြင်းသို့မဟုတ် မသန်စွမ်းမှုအဆင့် ပြင်ဆင် သတ်မှတ်ပေးရန် လျှောက်ထားခြင်း သို့မဟုတ် သတ်မှတ်ထားသော မသန်စွမ်းမှု အင်္ဂါရပ်နှင့်အကျုံးမဝင်တော့သဖြင့်မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ထိုအမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်အရာရှိချုပ်ထံသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

၆၆။ မှတ်ပုံတင်အရာရှိချုပ်သည် ပုဒ်မ ၆၅ အရ လျှောက်ထားလာသည့် အယူခံအမှုကို စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီကချမှတ် သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၇။ အောက်ပါတို့နှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အမျိုးသားကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည် -

(က) မှတ်ပုံတင် အရာရှိချုပ်က ပုဒ်မ ၆၆ အရ မသန်စွမ်းသူအား မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း သို့မဟုတ် မသန်စွမ်းမှုအဆင့်ပြင် ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်း သို့မဟုတ် သတ်မှတ်ထား သော မသန်စွမ်းမှုအင်္ဂါရပ်နှင့် အကျုံးမဝင်တော့သဖြင့် မှတ်ပုံတင် ထားခြင်းကို ပယ်ဖျက်ခြင်း၊

(ခ) မှတ်ပုံတင်အရာရှိချုပ်က ပုဒ်မ ၄၉၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၅၂အရ မသန်စွမ်းသူများ အသင်းအဖွဲ့တစ်ခုခုအား မှတ်ပုံတင် လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် မှတ်ပုံတင်ထား သော အသင်းအဖွဲ့တစ်ခုခုအား ပုဒ်မ ၅၆ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း၊

(ဂ) ဗဟိုမသန်စွမ်းသူများအသင်းက ပုဒ်မ ၅၄ အရ မသန်စွမ်းသူများ အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ် တစ်ခုခုအား သက်တမ်းတိုးမြှင့် ပေးရန် ငြင်းပယ်ခြင်း၊

(ဃ) လူမှုဝန်ထမ်းဦးစီးဌာနက မသန်စွမ်းသူများအတွက် ပုဂ္ဂလိကပညာ သင်ကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှုသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာန တစ်ခုခုကို တည်ထောင် ဖွင့်လှစ်လိုသူအား ခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်ထားချက်ကို ပုဒ်မ ၅၉၊ ပုဒ်မခွဲ (က) အရ ငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၆၁ အရ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) လူမှုဝန်ထမ်းဦးစီးဌာနက ပိုင်ရှင်တစ်ဦးဦးအား ပုဒ်မ၆၄အရ စီမံ ခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၆၈။ အမျိုးသားကော်မတီသည် ပုဒ်မ ၆၇ အရ အယူခံမှုကို စိစစ်ပြီးမှတ်ပုံတင် အရာရှိချုပ်က ဖြစ်စေ၊ လူမှုဝန်ထမ်းဦးစီးဌာနကဖြစ်စေ၊ဗဟိုမသန်စွမ်းသူများ အသင်းကဖြစ်စေချမှတ်သည့်အမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်းသို့မဟုတ်ပယ်ဖျက်ခြင်းပြုနိုင်သည်။

### အခန်း (၁၅)
### ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၆၉။ အမျိုးသားကော်မတီသည် ဤဥပဒေပါလုပ်ငန်းများကို ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်-

(က) ပြည်ထောင်စု အစိုးရအဖွဲ့က ခွင့်ပြုသည့် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှထောက်ပံ့ငွေများ၊

(ခ) ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ ကူညီပံ့ပိုးငွေများ၊

(ဂ) မသန်စွမ်းသူအသင်းအဖွဲ့မှတ်ပုံတင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများ၊

(ဃ) မသန်စွမ်းသူများအတွက် ဖွင့်လှစ်သော ပုဂ္ဂလိကပညာသင်ကျောင်း များ၊ ပုဂ္ဂလိကအသက်မွေးမှုသင်တန်းကျောင်းများနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ရန်ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ခွင့်တို့အတွက် အခကြေး ငွေများ၊

(င) သတ်မှတ်သော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း ပုဂ္ဂလိက အလုပ်ရှင်ကသင့်လျော်သောအလုပ်လုပ်ကိုင်နိုင်သည့် မသန်စွမ်း သူအား အလုပ်ခန့်ထားခြင်းမပြုသည့်အတွက် ထည့်ဝင်ရသောငွေ များ၊

(စ) ပုဒ်မ ၅၆နှင့် ပုဒ်မ ၆၄ ပါ စီမံခန့်ခွဲရေး အမိန့်အရ ချမှတ်သော ဒဏ်ကြေးများ။

၇၀။ အမျိုးသားကော်မတီသည် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့ အတွက်သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းရမည်။

၇၁။ ပုဒ်မ ၇၀ အရ ဖွဲ့စည်းသည့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည့်အပြင် နှစ်စဉ် အရအသုံးငွေစာရင်းရှင်းတမ်းများပြုစု၍ အမျိုးသား ကော်မတီသို့ တင်ပြရမည်။

၇၂။ အမျိုးသားကော်မတီသည် ရန်ပုံငွေစာရင်းများကို ပြည်ထောင်စု စာရင်း စစ်ချုပ်ရုံး၏စစ်ဆေးမှုခံယူရမည်။

### အခန်း (၁၆)
### တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၇၃။ မည်သည့်ပိုင်ရှင်မျှ-

(က) အခကြေးငွေရယူ၍ဖြစ်စေ၊ ပြည်တွင်း၊ ပြည်ပပုဂ္ဂိုလ်တစ်ဦးဦး၊ အဖွဲ့ အစည်းတစ်ခုခု၏ကူညီ၊ ပံ့ပိုးမှုဖြင့်ဖြစ်စေ မသန်စွမ်းသူများ အတွက် တည်ထောင်ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပညာသင် ကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှု သင်တန်းကျောင်း၊ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများအား ဤဥပဒေအရ ခွင့်ပြုမိန့် မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

(ခ) စီမံခန့်ခွဲရေး အမိန့်အရ ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ကာလအတွင်း အဆိုပါကျောင်း သို့မဟုတ် ဌာန တစ်ခုခုကို ဖွင့်လှစ်ခြင်း မပြုရ။

၇၄။ မည်သည့် ပိုင်ရှင်မျှ -

(က) မသန်စွမ်းသူတစ်ဦးဦးကကျောင်းဝင်ခွင့်လျှောက်ထားချက်ကို အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုမှခိုင်လုံသောအကြောင်း မရှိဘဲ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်းမပြုရ၊

(ခ) ကျောင်းဝင်ခွင့်ပြုထားသော မသန်စွမ်းသူတစ်ဦးဦးကို ခိုင်လုံသော အကြောင်းမရှိဘဲ အဆိုပါ ကျောင်း သို့မဟုတ် ဌာနတစ်ခုခုက ထုတ်ပယ်ခြင်းမပြုရ။

၇၅။ မည်သည့် အလုပ်ရှင်မျှ -

(က) သင့်လျော်သောအလုပ်ကိုလုပ်ကိုင်နိုင်စွမ်းရှိသောမသန်စွမ်းသူ ကို သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဤဥပဒေအရ အလုပ်ခန့်ထားသော မသန်စွမ်းသူကိုခိုင်လုံသော အကြောင်းမရှိဘဲ အလုပ်ရပ်စဲခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း၊ ရာထူးချခြင်းနှင့် ပြောင်းရွှေ့တာဝန်ပေးခြင်း မပြုရ။

၇၆။ မည်သည့် အလုပ်ရှင်မျှ -

(က) ခန့်ထားသော အလုပ်သမားနှင့် ဝန်ထမ်းဦးရေ စာရင်းကိုလည်း ကောင်း၊ သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက် အရအလုပ်ခန့်ထားရန်ကျန်ရှိသော အလုပ်နေရာအရေအတွက်၊ အလုပ်သမားအရည်အချင်းနှင့် အလုပ်အကိုင်အမျိုးအစားများ ကို လည်းကောင်း လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများသို့ပေးပို့ရန် ပျက်ကွက်ခြင်းမရှိစေရ၊

(ခ) မသန်စွမ်းသူများအား သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေ အတွက်အရ အလုပ်ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့အတွက် ကုန်ကျစရိတ်ကို မသန် စွမ်းသူများထံမှ တောင်းခံခြင်း မပြုရ၊

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနမှ ဤဥပဒေပါမသန်စွမ်းသူများ၏အခွင့် အရေးများနှင့် ပတ်သက်၍ လုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးခြင်း ကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ငြင်းဆိုခြင်း မပြုရ။

၇၇။ မည်သူမျှ -

(က) မသန်စွမ်းသူများကို မသန်စွမ်းမှုကိုအကြောင်းပြု၍ သိလျက်နှင့် တမင်ခွဲခြား ဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ နှိမ့်ချခြင်း မပြုရ၊

(ခ) မသန်စွမ်းသူများကို နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ အလွဲ သုံးစားပြုခြင်း၊ အဓမ္မ အလုပ်ခိုင်းစေခြင်း မပြုရ၊

(ဂ) မသန်စွမ်းသူများအား အလွဲသုံးစားပြု၍ ကိုယ်ကျိုးစီးပွားမရှာရ။

၇၈။ ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရရှိသော မည်သည့်မသန်စွမ်းသူ အသင်းအဖွဲ့ဝင်မျှ -

(က) အမျိုးသားကော်မတီကချမှတ်သောမူဝါဒ၊ လမ်းညွှန်ချက်များနှင့် အညီအကောင်အထည်ဖော်ရန် ပျက်ကွက်မှုမရှိစေရ၊

(ခ) ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တာဝန်နှင့်တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၉။ မည်သည့် ပိုင်ရှင်မဆို -

(က) ပုဒ်မ ၇၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ၁ နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၁၅ သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်၊

(ခ) ပုဒ်မ ၇၄ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ၆ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၃ သိန်းမှ ကျပ်၁၀ သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သည့် အလုပ်ရှင်မဆို -

(က) ပုဒ်မ ၇၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ၁ နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် ၅ သိန်းမှ ကျပ် ၁၅ သိန်း ထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်၊

(ခ) ပုဒ်မ ၇၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ၆ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၃ သိန်းမှ ကျပ် ၁၀ သိန်း ထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ် ရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၇၇ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသောထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် ၅ သိန်းမှ ကျပ် ၁၅ သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၈၂။ ဤဥပဒေအရမှတ်ပုံတင်ထားသော မည်သည့် မသန်စွမ်းသူအသင်း အဖွဲ့ဝင်မဆို ပုဒ်မ ၇၈ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက် မပိုသော ထောင်ဒဏ်ဖြစ် စေ၊ အနည်းဆုံး ကျပ် ၅ သောင်းမှ ကျပ် ၃ သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

### အခန်း (၁၇)
### အထွေထွေ

၈၃။ ကုလသမဂ္ဂ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင် ရေးနှင့် စောင့်ကြည့်ပြီး ကြီးကြပ်နိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ် ဆောင်ရွက်ရန် အလို့ငှာ -

**စာမျက်နှာ ၁၇ သို့**

ပြည်တွင်းရေးရာ

# ကျန်းမာသောမျိုးဆက်နှင့် တိုးတက်သော နိုင်ငံတော်

ဝေယံမောင်

**ယမန့်နေ့မှအဆက်**

နိုင်ငံ၏လက်ရှိလူဦးရေမှာ ၅၁ သန်းကျော်ခန့်ဟုခန့်မှန်းပါက နိုင်ငံတော်အစိုးရမှခွင့်ပြုသည့် ဘတ်ဂျက်၊ နိုင်ငံတကာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှပံ့ပိုးသော ငွေကြေးတို့ဖြင့်တွက်ချက်လျှင် မြန်မာနိုင်ငံသားတစ်ဦး၏ ကျန်းမာရေးစောင့်ရှောက်မှုအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာခန့်ရှိမည် ဖြစ်ပါသည်။

နိုင်ငံတကာစံနှုန်းများတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ သတ်မှတ်ချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၃၀ ခန့်ရှိသင့်သည်ဟုဆိုပါသည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ၊ နိုင်ငံတကာအပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်းစုံနှင့် ပိုမိုထိတွေ့ဆက်ဆံပြီး အပြန်အလှန် နားလည်မှုတိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်သည်လည်း ပိုမိုသုံးစွဲလာနိုင်မည်သာဖြစ်ပါသည်။

**ကျန်းမာရေးအစီအမံနှင့် စနစ်တကျစီမံခန့်ခွဲမှုများ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရကိုယ်စား ပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရာတွင် အပိုင်း(၂)ပိုင်း ခွဲခြားထားကြောင်းနှင့် ခွင့်ပြုဘဏ္ဍာငွေကို ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၃၀ ရာခိုင်နှုန်းနှင့် ဆေးကုသမှု(ဆေးရုံလုပ်ငန်း)များအတွက် ၇၀ ရာခိုင်နှုန်းသုံးစွဲကြောင်း သိရပါသည်။

ဆေးကုသမှု (ဆေးရုံလုပ်ငန်း)များတွင် ခွင့်ပြုငွေ၏ သုံးပုံတစ်ပုံကို ငွေလုံးငွေရင်း အသုံးစရိတ်အဖြစ်လည်းကောင်း၊ ကျန်သုံးပုံနှစ်ပုံကို ဆေးဝါးပစ္စည်းများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်နှင့် ဆေးရုံများ အသုံးစရိတ်အဖြစ်လည်းကောင်း လျာထားသုံးစွဲပါသည်။

**ဆေးရုံများ၏ အသုံးစရိတ်**

လက်ရှိဖွင့်လှစ်ထားရှိမှုများအရ ဆေးရုံခုတင်စုစုပေါင်း ၅၅၀၀၀ ရှိပြီး ယခုဘဏ္ဍာရေးနှစ်တွင် ဆေးရုံများ၏အသုံးစရိတ်ကို ဆေးကုသမှု (ဆေးရုံလုပ်ငန်း)၏ သုံးပုံနှစ်ပုံပမာဏအနေဖြင့် ၂၅၀ ဘီလီယံခန့် သုံးစွဲနိုင်မည်ဟုဆိုပါသည်။ သို့ဖြစ်ရာ ဆေးရုံခုတင်တစ်လုံးအတွက် တစ်နှစ်အသုံးစရိတ်မှာ လေးသိန်းခွဲခန့် (ခန့်မှန်းအမေရိကန်ဒေါ်လာ ၄၅၀၀ ခန့်) သုံးစွဲနိုင်သည့် အခြေအနေဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ဆေးရုံ၊ ဆေးခန်းများသို့ တစ်နှစ်တာအတွင်း လာရောက်ကုသမှုခံယူကြသည့် လူနာများကို ပိုင်းခြားကြည့်ပါက အတွင်းလူနာ နှစ်သန်းကျော်နှင့် ပြင်ပလူနာ ငါးသန်းကျော်ခန့်ရှိလေရာ အတွင်းလူနာများအတွက် ၂၀၀ ဘီလီယံခန့်၊ ပြင်ပလူနာများအတွက် ၅၀ ဘီလီယံခန့် လျာထားသုံးစွဲနိုင်မည်ဟု ဆိုပါသည်။

**ဆေးရုံဆေးခန်းနှင့်ဝန်ထမ်း ဟန်ချက်ညီလွှမ်းခြုံ**


နိုင်ငံတော်မှ ယနေ့အထိ အထူးကုဆေးရုံကြီး (၃၁)ရုံ၊ သင်ကြားရေးဆေးရုံ (၆)ရုံ၊ ခုတင် (၁၀၀၀) ဆေးရုံ (၁)ရုံ၊ ခုတင် (၃၀၀)ဆေးရုံ(၇)ရုံ၊ ခုတင် (၂၀၀)ဆေးရုံ (၃၃)ရုံ၊ ခုတင် (၁၅၀) ဆေးရုံ(၂)ရုံ၊ ခုတင် (၁၀၀) ဆေးရုံ (၄၁)ရုံ၊ ခုတင် (၅၀) ဆေးရုံ(၇၈)ရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ (၁၈၄)ရုံ၊ (၁၆) ခုတင်ဆံ့ဆေးရုံ (၁၀)ရုံ၊ တိုက်နယ်ဆေးရုံ (၆၀၈)ရုံ၊ ကျေးလက် ကျန်းမာရေးဌာန ၁၆၉၆ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၈၈ ခုတို့ ဖွင့်လှစ်နိုင် ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ယနေ့အခါ ဆရာဝန် ၉၇၈၉၊ သွားဘက်ဆိုင်ရာဆရာဝန် ၅၆၁ဦး၊ ကျန်းမာရေးမှူး ၁၇၃၇ ဦး၊ ကျန်းမာရေးဆရာမ ၁၇၂၃ ဦး၊ သူနာပြု ၁၈၂၀၆ ဦး၊ သားဖွားဆရာမ ၉၀၉၂ဦးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ၄၉၃၄ ဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပေးခန်းတို့၏ အချိုးအစားမှာ သင့်တင့်သော အတိုင်းအတာတစ်ခုအထိ တိုးတက်လာပြီဖြစ်ရာ နိုင်ငံအဝှမ်းလွှမ်းခြုံနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအကောင်အထည်ပေါ်နေပြီဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**စဉ်ဆက်မပြတ် မွေးထုတ်**

ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ပေါက်စေရေးအတွက်လည်း ဆေးပညာဆိုင်ရာတက္ကသိုလ် ၁၅ ခုမှ နှစ်စဉ်သင်တန်းသား ၁၈၀၀၀ ခန့်ကို ပညာသင်ကြားပေးလျက်ရှိပါသည်။ ၎င်းသည် သင်တန်းသားများအား ပညာသင်ကြားမှုဆိုင်ရာနှင့်ပတ်သက်၍ ငွေကြေးစိုက်ထုတ် ကုန်ကျမှုနည်းနိုင်သမျှ နည်းရလေအောင် စီမံပေးထားကြောင်းနှင့် သင်ကြားမှုအတွက် ကုန်ကျစရိတ်များကို နိုင်ငံတော်အစိုးရမှ




တတ်နိုင်သမျှ များများကျခံစိုက်ထုတ်ပေးနေကြောင်း အောက်ပါအချက်အလက်များအရ သိရှိရပါသည်။

| စဉ် | သင်တန်းအမျိုးအစား | နိုင်ငံတော်မှကျခံစရိတ် | ကျောင်းလခ(တစ်လ) |
|---|---|---|---|
| (၁) | ဆရာဝန်တစ်ဦး | ၄၃၀၅၂၉၄ ကျပ် | ၈၀၀ ကျပ် |
| (၂) | သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး | ၁၀၇၆၀၃၃၈ ကျပ် | ၈၀၀ ကျပ် |
| (၃) | ဆေးဘက်ပညာသည်တစ်ဦး | ၆၀၄၉၇၂၃ ကျပ် | ၈၀၀ ကျပ် |
| (၄) | ဆေးဝါးပညာသည်တစ်ဦး | ၅၄၄၈၀၄၈ ကျပ် | ၈၀၀ ကျပ် |
| (၅) | သူနာပြုတစ်ဦး သိပ္ပံဘွဲ့ရသည်အထိ | ၄၇၂၃၂၂၁ ကျပ် | ၈၀၀ ကျပ် |
| (၆) | ကျန်းမာရေးမှူးတစ်ဦး | ၂၀၀၇၈၃၇ ကျပ် | ၈၀၀ ကျပ် |
| (၇) | သူနာပြုတစ်ဦး ဒီပလိုမာဘွဲ့ရသည်အထိ | ၂၅၁၂၅၅၂၀ ကျပ် | ကောက်ခံမှုမရှိ |
| (၈) | သားဖွားတစ်ဦး | ၁၆၇၅၀၁၄ ကျပ် | ကောက်ခံမှုမရှိ |
| (၉) | B.M.T.M တစ်ဦး(တိုင်းရင်းဆေး) | ၃၇၇၀၀၀၀ ကျပ် | ၈၀၀ ကျပ် |

**သိသာထူးခြား အခမဲ့ကျန်းမာရေးလုပ်ငန်းများ**

ယခင်ကာလကလုပ်ဆောင်ခဲ့သည့် စရိတ်မျှပေးကျန်းမာရေးမှသည် ယခုအစိုးရလက်ထက်တွင် သိသာထင်ရှားစွာ ပြောင်းလဲလာသည်က အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် ဖြစ်ပါ၏။ ထို့အပြင် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရသည်များ၊ အခါအားလျော်စွာဖြစ်ပေါ်တတ်သော ကူးစက်ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတော်မှစိုက်ထုတ်၍ အခမဲ့ကုသမှုများလုပ်ဆောင်ပေးနေကြောင်းလည်း တွေ့ရှိရပါသည်။

ယနေ့အခါတွင်မူ ဆေးရုံနှင့် ဌာနခွဲများအလိုက် **အောက်ပါကိစ္စရပ်များကို ကာယကံရှင်မှ ငွေကြေးစိုက်ထုတ်ရန်မလိုဘဲ အခမဲ့ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း သိရှိရပါသည်-

**ကျေးလက်ကျန်းမာရေးဌာနခွဲ(Sub-Center)**

(၁) မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း
- (က) ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း
- (ခ) မီးဖွားခြင်း
- (ဂ) မီးတွင်းစောင့်ရှောက်ခြင်း
- (ဃ) သားဆက်ခြားခြင်း။

(၂) ကလေးကျန်းမာရေးလုပ်ငန်း
- (က) မွေးကင်းစကလေးစောင့်ရှောက်ခြင်း
- (ခ) တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးများကို အခမဲ့ကုသပေးခြင်း၊
- (ဂ) ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခြင်း။

(၃) အရေးပေါ်လူနာညွှန်းပို့ခြင်း

**ကျေးလက်ကျန်းမာရေးဌာန(RHC)**

(၁) ငါးနှစ်အောက်ကလေးဆေးခန်း (Under 5 Clinic) နှင့် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် နေ့စဉ်ဆေးခန်းဖွင့်လှစ်ကုသပေးခြင်း၊

(၂) ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနများတွင် ကိုယ်ဝန်ဆောင်မိခင်များအတွက် သံဓာတ်အားဆေး၊ သံချဆေး၊ ဗီတာမင်များတိုက်ကျွေးခြင်းနှင့်ကာကွယ်ဆေးထိုးပေးခြင်း၊

(၃) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနများအထိ မရှိမဖြစ်လိုအပ်သော အခြေခံဆေးဝါးများကို ထောက်ပံ့ကုသပေးခြင်း။

**တိုက်နယ်ကျန်းမာရေးဌာနနှင့် တိုက်နယ်ပြည်သူ့ဆေးရုံ**

အတွင်းလူနာများအား အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲစမ်းသပ်မှုများ၊ ဓာတ်မှန်ရိုက်ခြင်းများ၊ သွေးသွင်းကုသမှုများအပြင် ပြင်ပလူနာများကိုလည်း အခြေခံဆေးဝါးများ ထောက်ပံ့ကုသပေးခြင်း၊

**ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ခရိုင်အဆင့်/မြို့နယ်အဆင့်ဆေးရုံများ**

(၁) အရေးပေါ်ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ဓာတ်ခွဲစမ်းသပ်မှုများ၊ ဓာတ်မှန်၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်ကူးမှုများ၊ သွေးသွင်းကုသမှုများနှင့် အရေးပေါ်ကုသမှုများ(ခွဲစိတ်ခြင်းအပါအဝင်)ဆောင်ရွက်ပေးခြင်း၊

(၂) ကျောက်ကပ်အစားထိုးလူနာများအား ကုသပေးခြင်း၊

(၃) ကျောက်ကပ်ဆေးကြောပေးခြင်း၊

(၄) ဓာတ်ကင်ခြင်း၊ ကင်ဆာလူနာများအား ဆေးဝါးများ ထောက်ပံ့ကုသပေးခြင်း၊

(၅) ငှက်ဖျားလူနာ၊ HIVလူနာ၊ တီဘီလူနာများအား ဆေးဝါးများ ထောက်ပံ့ကုသပေးခြင်း။

**ဘုန်းကြီးလို့ သက်ရှည်**

ယနေ့ခေတ်တွင် ဆေးပညာကုသမှုများ အစွမ်းထက်လာမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည်က လူမှုဘဝ ပြောင်းလဲမှုနှင့်အတူ ဖြစ်ပေါ်လာသည့် ရောဂါဆန်းများဖြစ်ပါ၏။ ပစ္စည်းဥစ္စာကြွယ်ဝမှုကြောင့် ဇိမ်ခံအသုံးအဆောင်များ သုံးစွဲမှုနှင့်အတူ ဖြစ်ရသောရောဂါများရှိသလို ဆင်းရဲနွမ်းပါးချို့တဲ့မှုကြောင့် ဖြစ်ပွားရသော ရောဂါများလည်းရှိရာ အပျော်အပါးအပါအဝင် စိတ်ကိုအလိုလိုက်မှုကြောင့် ဖြစ်ရသောရောဂါများလည်း တစ်ပုံတစ်ပင်ပါဝင်ပါ၏။

သေချာပါသည်။ မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကမျှ နိုင်ငံသားတစ်ဦးချင်းစီ၏ ကျန်းမာရေးဆိုင်ရာပြဿနာကို စရိတ်ငြိမ်းကုသပေးနိုင်မည်မဟုတ်ပါ။ အတိုင်းအတာတစ်ခုအထိသာ ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။ ဤနေရာတွင် လူကြီးမိဘများ ဆုပေးနေကျဖြစ်သည့် ဘုန်းကြီးလို့သက်ရှည်ဟူသောစကားကို ကြားယောင်မိပါသည်။ ဆုပေးတိုင်းတော့ ပြည့်နိုင်မည်မဟုတ်ပါ။ အသက်ရှည်ရာအနာမဲ့ကြောင်းဖြစ်ရန်မှာမူ ကိုယ်တိုင်ကျန်းမာရေးအသိဖြင့် ဆင်ခြင်ပြုမူနေထိုင်မှုသာ ဖြစ်ပါမည်။

မကျန်းမာခြင်း၏ နောက်ဆက်တွဲပြဿနာရပ်များအား သက်ဆိုင်ရာမိသားစု အဝန်းအဝိုင်းသာမက ၎င်းနှင့်သက်ဆိုင်သော အဖွဲ့အစည်းအပါအဝင် ၎င်းနေထိုင်ရာနိုင်ငံအထိ အကျိုးမဲ့စွာဆုံးရှုံးမှုကို ရရှိစေပါသည်။

**ကျန်းမာသောမျိုးဆက်နှင့် တိုးတက်သောနိုင်ငံတော်**

ဖြတ်သန်းခဲ့ပြီးဖြစ်သည့် ခေတ်စနစ်အသီးသီး၏ မပြည့်စုံမှုများကြောင့် အရာရာ နောက်ကျကျန်နေခဲ့ရသည့် မိမိတို့နိုင်ငံသည် ယခုအခါ ပြုပြင်ပြောင်းလဲမှုရလဒ်ကောင်းများဖြင့် တိုးတက်မှုလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီးဖြစ်ရာ **တက်ကုန်ဖွင့် ရွက်စုံလွှင့်၍ အရှိန်အဟုန်ဖြင့် ကျားကုတ်ကျားခဲကြိုးပမ်း** လုပ်ဆောင်ရမည့်အချိန်အခါကောင်းဖြစ်ပါသည်။

ထိုသို့သောကာလတွင် နိုင်ငံ့စွမ်းအား လူသားအရင်းအမြစ်များဖြစ်သည့် မိမိတို့နိုင်ငံသားများကို ကျန်းမာရေးအသိမဲ့မှုကြောင့် အရွယ်မတိုင်မီ အချည်းအနှီးမဆုံးရှုံးစေလိုပါ။ တစ်ဦးချင်းမှ ကျန်းမာရေးစောင့်ရှောက်မှုကို ကိုယ်တိုင်ကျင့်ကြံလုပ်ဆောင်ခြင်းအားဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင် သာယာစိုပြည်မှုကို ဖန်တီးပေးစွမ်းနိုင်ရုံသာမက ကျန်းမာသောခန္ဓာ၊ ဖျက်လတ်သောလုပ်ဆောင်မှု၊ ထက်သန်သောအားမာန်၊ ထက်မြက်သော စွမ်းဆောင်နိုင်မှုတို့နှင့်အတူ နိုင်ငံတော်သစ်ထူထောင်ရေးတွင် ပဓာနကျသော စွမ်းအားစုများအဖြစ် အကျိုးပြုနိုင်မည်ဖြစ်ပါသည်။

ယင်းအပြင် ထိုသို့ တစ်ကိုယ်ရည်တစ်ကာယ ကျန်းမာရေးကို နိုင်ငံသားတိုင်းမှ ဂရုတစိုက်ထိန်းသိမ်းကျင့်ကြံခြင်းအားဖြင့် မလိုလားအပ်စွာ သုံးစွဲကုန်ကျရမည့် ကျန်းမာရေးဆိုင်ရာ ကုသစရိတ်များကို လျှော့ချနိုင်သည့်အပြင် နိုင်ငံတော်မှ ကျန်းမာရေးကဏ္ဍအတွက် သုံးစွဲရန်ရည်မှန်းထားသော ဘဏ္ဍာငွေများကို မျိုးဆက်သစ်များ၏ ကျန်းမာဖွံ့ဖြိုးရေးဆိုင်ရာ ပြုစုပျိုးထောင်မှုလုပ်ငန်းစဉ်များနှင့် မီးစာကုန်ဆီခန်းနေပြီဖြစ်သော သက်ကြီးရွယ်အိုတို့၏ ဘဝနေဝင်ချိန်ကာလများအတွက် ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှုလုပ်ငန်းစဉ်များတွင် ပိုမို၍ ပြည့်ပြည့်ဝဝ အသုံးချနိုင်မည်ဖြစ်ပါသည်။

သို့မှသာလျှင် ကျန်းမာသော မျိုးဆက်များဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အောင်မြင်စွာ ထူထောင်နိုင်မည်ဖြစ်ပါကြောင်း။ ။

---

စာမျက်နှာ ၁၆ မှ

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည်ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနအဖြစ် ဆောင်ရွက်ရမည်၊

(ခ) ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအပြင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများကို ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနများအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးနိုင်သည်။

၈၄။ အမျိုးသားကော်မတီသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများနေ့နှင့် မသန်စွမ်းသူများ သီတင်းပတ်တို့ကို သတ်မှတ်နိုင်သည်။

၈၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီ အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့်အဖွဲ့ဝင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ထိုသူကို ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၆။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်း မဟုတ်သော အမျိုးသားကော်မတီ အဖွဲ့ဝင် တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင်သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားမကြောင်းဖြင့်သော် လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း အရေးယူခြင်း မပြုရ။

၈၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးပိုင်သည့် ပြစ်မှုများဖြစ်သည်ဟု မှတ်ယူရမည်။

၈၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည်ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရပေးဆောင်ရမည့် မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုမိန့်ထုတ်ပေးခ၊ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ခနှင့်အခြားလိုအပ်သော ဝန်ဆောင်ခများကိုလည်းကောင်း၊ မှတ်ပုံတင်သက်တမ်းနှင့် ခွင့်ပြုမိန့် သက်တမ်းတို့ကို လည်းကောင်း သတ်မှတ်ထားရမည်။

၈၉။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူကိုမသန်စွမ်းမှုအမျိုးအစားနှင့်အဆင့်အလိုက်ရန်ပုံငွေမှ သင့်လျော်သော အထောက်အပံ့ပေးနိုင်ရန်ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

၉၀။ ရန်ပုံငွေသို့ လှူဒါန်း ထောက်ပံ့သော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့သည် တည်ဆဲဝင်ငွေခွန် ဥပဒေအရ ဝင်ငွေခွန်ကို သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရှိသည်။

၉၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) အမျိုးသားကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့သည် လိုအပ်သောအမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၉၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပြဋ္ဌာန်းချက်များနှင့် အညီသာလျှင်လိုက်နာဆောင်ရွက်ရမည်။

၉၃။ ၁၉၅၈ ခုနှစ်၊ မသန်မစွမ်း ဖြစ်လာသူများ အလုပ်ရရှိရေး အက်ဥပဒေ (အမှတ် ၃၃/၅၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်

**(၂၀၁) ဘဏ်ခြောက် ရေးဘဏ်ခွဲ** ကို
၂၆.၁၂.၂၀၁၄ (သောကြာနေ့) တွင် လည်းကောင်း

**(၂၀၂) ဘဏ်ခြောက် မော်လမြိုင်ဘဏ်ခွဲ(၃)** ကို
၂၉.၁၂.၂၀၁၄ (တနင်္လာနေ့) တွင် လည်းကောင်း

ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

**ရေးဘဏ်ခွဲ**

အမှတ်(၆၈)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကြီးအောင်ရပ်ကွက်၊
ရေးမြို့၊ မွန်ပြည်နယ်။
ဖုန်း – (၀၅၇) ၅၀၃၅၆၊ ၅၀၃၅၇၊ ၅၀၃၂၄
ဖက်စ် – (၀၅၇) ၅၀၃၅၉၊ ၅၀၃၈၁၊ ၅၀၃၂၂
www.kbzbank.com

**မော်လမြိုင်ဘဏ်ခွဲ(၃)**

အမှတ်(၄၁၇)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်၊
မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
ဖုန်း – (၀၅၇) ၂၃၃၇၀၊ ၂၃၃၇၃၊ ၂၃၃၇၄
ဖက်စ် – (၀၅၇) ၂၃၃၇၉
www.kbzbank.com

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊**
**သာသနာ့ဒါယကာကြီး**
**ပဉ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ**
**လူမှုထူးချွန်(ပထမဆင့်)၊သီဟသုဓမ္မမဏိဇောတဓရ၊သီရိသုဓမ္မမဏိဇောတဓရ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

### ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်

**နာယက၊ရွှေသံလွင်ကုမ္ပဏီလီမိတက်**
**(ပဲခူးမြို့၊အောင်သုခမ္မရိပ်သာယောဂီ)**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက်နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net (Multi-Play Services)မှ ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးဟန်ညွန့်

**အသက်(၇၀)**

**(BE.Mining 65' Intake RIT)**

သူငယ်ချင်း ဦးဟန်ညွန့်သည် ၂၈-၁၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄ နှင့် ၁၉၆၅၊ ပထမနှစ်**
**ရန်ကုန်စက်မှုတက္ကသိုလ်**
**ပထမနှစ် ကျောင်းသား/သူဟောင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကျော်မြင့် B.Com AA(၁၉၇၅)

**အသက်(၆၅)နှစ်**

အမှတ်(၄၁၇)၊ ဦးတင်အေးလမ်း၊ (၄၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဦးကျော်မြင့် B.Com AA (၁၉၇၅)သည် ၂၅-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ECO 75 ဘွဲ့ရများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်တင့်

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၉)လမ်း၊ အမှတ်(၇၃၅) နေဒုတိယဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း) ဥက္ကဋ္ဌ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ(တောင်ဥက္ကလာပမြို့နယ်)၏ ဇနီးဖြစ်သူ ဒေါ်ခင်တင့်အသက်(၆၃)နှစ်သည် ၂၃-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရုံးအဖွဲ့**
**တောင်ဥက္ကလာပမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးမြဝင်း(အငြိမ်းစား) (၈၈)နှစ်

**ကြည်း-၉၁၄၁၊ မော်ကွန်းဝင်ဒုတိယဆင့်**
**ရန်ကုန်တိုင်းကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်(အငြိမ်းစား)**
**(သန်လျင်မြို့)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊(၃၈)လမ်းအောက်၊ ချင်းတွင်းရိပ်သာအခန်း(၁)နေ ဒေါ်ခင်မာမာ၏ခင်ပွန်း၊ ဦးဝင်းခန့်(ညွှန်ကြားရေးမှူးချုပ်၊ ပို့ဆောင်ရေးဦးစီးဌာန)-ဒေါက်တာဝင်းပုလဲ(ပျဉ်းမနားခုတင်-၂၀၀ဆေးရုံ)တို့၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးမြဝင်းသည် ၂၉-၁၂-၂၀၁၄(တနင်္လာနေ့)နံနက် ၅း၂၅နာရီ တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**ဦးထွန်းလွင်ဦး-ဒေါ်စိုးစိုးထွန်း မိသားစု**
**(ညွှန်ကြားရေးမှူးချုပ်)**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်ကွန်တင်

**အသက်(၈၃)နှစ်**

ဦးမျိုးအောင် (MD-Sun Myanmar Group of Companies)-ဒေါ်ခင်ရည်မွန် (Director-Sun Myanmar Group of Companies) တို့၏မိခင်ကြီး ဒေါ်ကွန်တင်သည် ၂၄-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Golden Flower Cold Store**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကွန်တင်

**အသက်(၈၃)နှစ်**

အစ်ကိုကြီး ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်(Sun Myanmar Group of Companies)၏မိခင်ကြီး ဒေါ်ကွန်တင်သည် ၂၄-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးညွန့်-ဒေါ်ယဉ်မြတ်သူ**
**General Food Technology Industry Co., Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကွန်တင်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊ လေးဒေါင့်ကန်လမ်းမ၊ တိုစတာပလာဇာ၊ အခန်းအမှတ်(၇၀၂)နေ (ဦးရေး)၏ ဇနီး၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar Group of Companies)တို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ကွန်တင်သည် ၂၄-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အမှုဆောင်များ**
**အင်ပူမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး**

### ဒေါ်ပျို(တန့်ဆည်)

**အသက်(၉၁)နှစ်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ ကျေးဇူးရှင်မိခင် ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်ပျို (တန့်ဆည်)သည် ၂၇-၁၂-၂၀၁၄ (စနေနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဆွေ၊ ဒေါက်တာမြတ်သီတာမြင့်**
**Win & Win Co.,Ltd မိသားစု**

**အမည်ပြောင်း**

ဦးမောင်ညွန့်ဦး+ဒေါ်ဝေစိန်ညို တို့၏ သား နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- [၁၀/ရသတ(နိုင်)၀၅၇၃၁၃] ကိုင်ဆောင်သူ၏ အမည်မှန်မှာ မောင်ဇော်အေးမြင့် ဖြစ်ပါကြောင်း။ **မောင်ဇော်အေးမြင့်**

**ကုမ္ပဏီရုံးခန်းငှားမည်**

ပေ (၂၅×၅၀) မြေညီအမြင့် ၁၈ ပေ နှစ်လွှာ ပြင်ဆင်ပြီး လမ်း ၄၀ ဗိုလ်ချုပ်လမ်းမအနီး၊ ဖုန်း-၀၉၇၃၁၅၉၇၆၂ ၀၉၂၅၀၆၄၁၄၇၀

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးမြဝင်း(အငြိမ်းစား) (ကြည်း-၉၁၄၁)

**အသက်(၈၈)နှစ်**
**မော်ကွန်းဝင်ဒုတိယဆင့်**
**ရန်ကုန်တိုင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်(အငြိမ်းစား)**
**(သန်လျင်မြို့)**

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း(အောက်)၊ ချင်းတွင်း ရိပ်သာ၊ အခန်း(၁) နေ ဒေါ်ခင်မာမာ၏ခင်ပွန်း၊ ပို့ဆောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခန့်နှင့်ဇနီး ဒေါက်တာဒေါ်ဝင်းပုလဲ (ပျဉ်းမနား၊ ခုတင်-၂၀၀ ဆေးရုံ)တို့၏ ချစ်လှစွာသောဖခင် ဗိုလ်ကြီးမြဝင်း(ငြိမ်း)သည် ၂၉-၁၂-၂၀၁၄ (တနင်္လာနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပို့ဆောင်ရေးဦးစီးဌာန၊ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းဝင်း

**အသက်(၇၆)နှစ်**
**နာယက**
**ရွှေသံလွင်ကုမ္ပဏီလီမိတက်**
**(ယောဂီ၊ အောင်သုခမ္မရိပ်သာ၊ ပဲခူးမြို့)**

မြန်မာနိုင်ငံဘက်စကတ်ဘောအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက၊ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နီနီ၏ ချစ်လှစွာသောခင်ပွန်း၊ မြန်မာနိုင်ငံဘက်စကတ်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လူမှုထူးချွန်(ဒုတိယဆင့်) ဝဏ္ဏကျော်ထင်ဦးကျော်ဝင်း-သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နန်းမောက်လောဝ်ဆိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းဝင်းသည် ၂၁-၁၂-၂၀၁၄ရက် နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ စိန်မြင့်-ဇနီးဒေါ်မြတ်သန္တာ**
**နာယက၊ မြန်မာနိုင်ငံဘက်စကတ်ဘောအဖွဲ့ချုပ်**
**Chairman**
**(Supreme Group of Companies)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်တင်ဝင်း (၉၃)နှစ်

Asian Wings Airways Ltd. မှအမှုဆောင်အရာရှိချုပ် ဦးကြည်ဝင်း၏ မိခင် ဒေါ်တင်တင်ဝင်းသည် ၂၈-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Asian Wings Airways Ltd.မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်မြသွင်(တံတားမြို့)

**အသက်(၈၈)နှစ်**

ဆည်းဆာရိပ်ဂိလာနဘိုးဘွားများရိပ်သာ အမှုဆောင်ဒေါ်ခင်ခင်သန့်၏ ချစ်လှစွာသော မိခင်ကြီးဒေါ်မြသွင်သည် ၂၈-၁၂-၂၀၁၄ရက်၊ မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆည်းဆာရိပ်ဂိလာနဘိုးဘွားများရိပ်သာ**
**(အမှုဆောင်များ၊ ဘိုးဘွားများ၊ ဝန်ထမ်းများ)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အုန်းကြည်

**အသက်(၈၄)နှစ်**

Khine Thit Trading Co.,Ltd ဥက္ကဋ္ဌ ဦးဝင်းလှိုင်-ဇနီးဒေါ်မြဝင်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်အုန်းကြည်သည် ၂၃-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ Khine Thit Trading Co.,Ltd.**

## ဒေါ်လှမြင့်(ဖျာပုံ) (၈၉)နှစ်

ဖျာပုံမြို့နေ (ဦးဘသိန်း-ဒေါ်အုံးမြ)တို့၏သမီး၊ ဒေါ်မြစိန်၏ညီမ၊ (ဦးအောင်မြင့်)၏ဇနီး၊ ဦးဇော်အောင်-ဒေါ်ညွန့်ညွန့်ဦး၊ ဒေါ်စမ်းစမ်းဝင်း (နိုင်ငံခြားရေးဝန်ကြီးဌာန၊ Bandar Seri Begawan-Brunei Darussalam)တို့၏မွေးသမိခင်၊ မောင်မြတ်ထက်ကျော် (A.I.T)၏ ချစ်လှစွာသောအဘွား သည် ၂၈-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) ည ၉း၃၅ နာရီတွင် အမှတ်(9-D)၊ သာယာရွှေပြည်လမ်း၊ ရန်ကင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၁၅ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီးမြဝင်း(အငြိမ်းစား) (၈၈)နှစ်

**ကြည်း-၉၁၄၁၊ မော်ကွန်းဝင်ဒုတိယဆင့်**
**ရန်ကုန်တိုင်းကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်(အငြိမ်းစား)၊သန်လျင်မြို့**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်းအောက်၊ ချင်းတွင်းရိပ် သာအခန်း(၁)နေ ဒေါ်ခင်မာမာ၏ခင်ပွန်း၊ ဦးဝင်းခန့်(ညွှန်ကြားရေးမှူးချုပ်၊ ပို့ဆောင်ရေးဦးစီးဌာန)-ဒေါက်တာဝင်းပုလဲ (ပျဉ်းမနားခုတင်-၂၀၀ဆေးရုံ)တို့၏ဖခင်၊ မောင်စွမ်းထက်ဦး B.E(EC)(မန်းရတနာပုံလေကြောင်း)၊ မောင်ဝင်းမြတ်ဦး 3rd M.B.B.S(IM-1) တို့၏အဘိုးသည် ၂၉-၁၂-၂၀၁၄(တနင်္လာနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၁-၂၀၁၅(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာစန်းတင့်(B.V.S) (၆၆)နှစ်

**ဆန်းပြည့်အောင်ဆေးဆိုင်၊ (တောင်ငူ)**

တောင်ငူမြို့၊ တပင်ရွှေထီးလမ်း၊ အမှတ်-၁၄/၂၁၂နေ (ဦးလှမောင်-ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးကြည်-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်စန်းဝေ၏ချစ်လှစွာသောခင်ပွန်း၊ ပြည်မြို့နေ ဦးကျော်တင့်-ဒေါ်တင်စိန်၊ နေပြည်တော်နေ ဦးသန်းတင့်-ဒေါ်ခင်လေးတို့၏ညီ၊ မောင်အောင်အောင်ဦး-မစုကြည်၊ မောင်ဆန်းပြည့်အောင်-မအိန္ဒြာနိုင်တို့၏ချစ်လှစွာသောဖခင်၊ မောင်ကောင်းပြည့်အောင်၊ မောင်အောင်ဘုန်းပြည့်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၇-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပြီး ၂၉-၁၂-၂၀၁၄ရက်တွင် တောင်ငူမြို့ အနောက်သုသာန်၌ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမြဝင်း အသက်(၈၈)နှစ်

ဦးဝင်းခန့်(ညွှန်ကြားရေးမှူးချုပ်၊ ပို့ဆောင်ရေးဦးစီးဌာန)-ဒေါက်တာဒေါ်ဝင်းပုလဲတို့၏ဖခင် ဦးမြဝင်းသည် ၂၉-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေနှင့်ဇနီး ဒေါ်ချိုချိုဝင်း**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသန်းတင်(ကျိုက်လတ်)

**အသက် (၈၆)နှစ်**

စီးပွားရေးတက္ကသိုလ်၊ ၁၉၇၉ ဘွဲ့ရ၊ သူငယ်ချင်း ဒေါ်ခင်ချိုဦး၏ ဖခင် ဦးသန်းတင်(ကျိုက်လတ်)၊ စံချိန်မီ ရောင်းဝယ်ရေးလုပ်ငန်းသည် ၂၈-၁၂-၂၀၁၄ ရက် နံက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၉ ဘွဲ့ရသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရွှေသံလွင်ကုမ္ပဏီနာယက**

### ဦးသိန်းဝင်း

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီ ဒေါ်နီနီ၏ချစ်လှစွာသော ခင်ပွန်း ဦးသိန်းဝင်းသည် ၂၁-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါသည်။ **မြထက်လင်းစတိုးမိသားစု ဘားအံ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊**
**သာသနာ့ဒါယကာကြီး**
**ပဉ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ**
**လူမှုထူးချွန်(ပထမဆင့်)၊သီဟသုဓမ္မမဏိဇောတဓရ၊သီရိသုဓမ္မမဏိဇောတဓရ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

### ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်

**နာယက၊ရွှေသံလွင်ကုမ္ပဏီလီမိတက်**
**(ပဲခူးမြို့၊အောင်သုခမ္မရိပ်သာယောဂီ)**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက်(၅း၅၇)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။ **Sky Net (Sport's Channel)ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်ခင်ရင်းနှီးလှစွာသော တူမလေးတင်တင်ဝင်း(စာရေးဆရာမဂျူး)၏ ဖခင် ဦးလေးသောင်းသည် ၂၈-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် အထူးပင် ဝမ်းနည်းကြေကွဲမိပါသည်။

**အန်တီဝင်း(ဒေါ်ကလျာ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်သန်းသန်းစိုး (၆၅)နှစ်

**တွဲဖက်ပါမောက္ခ(ငြိမ်း) သတ္တဗေဒ**
**ကန်တော့ခံဆရာမကြီး**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသူ-ကျောင်းသားဟောင်း ဒေါ်သန်းသန်းစိုး တွဲဖက်ပါမောက္ခ(ငြိမ်း) သတ္တဗေဒသည် ၂၄-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသူ-ကျောင်းသားဟောင်းများ**
**“လူမှုရေးကူညီစောင့်ရှောက်မှုအသင်း”**

Hot Line No-0930500100




ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံကိုတွေ့မြင်ရစဉ်။ (အဆိုပါ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းရေလှောင်တမံနှင့် ရေလွှဲဆည်ဖွင့်ပွဲ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားများကို၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် ကျင်းပမည်ဖြစ်သည်)*(သတင်း-ရွှေဖုံး)* (သတင်းစဉ်)

## ယနေ့မာတိကာ


ပွင့်သောပန်းတိုင်းလန်းစေဖို့
စာမျက်နှာ - ၂

နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတည်ဆောက်နေလူမှုအဖွဲ့အစည်းများသည် နိုင်ငံတော်အကျိုး၊ ဒေသအကျိုး ဆောင်ရွက်နိုင်သည့် အဖွဲ့များဖြစ်
စာမျက်နှာ - ၃

ကုမ္ပဏီဖွဲ့စည်းခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအကြောင်း တစေ့တစောင်း
စာမျက်နှာ - ၆

စီရီနယ်လ်ဒိုနှင့် အန်ဆယ်လော့တီ ၂၀၁၄ တစ်နှစ်တာ အကောင်းဆုံးဆုများဆွတ်ခူး
စာမျက်နှာ - ၁၃


# အဲအေရှလေယာဉ်မှ အပျက်အစီးများ အင်ဒိုနီးရှားကမ်းလွန်တွင် ရှာတွေ့ပြီ

**ပန်ကာလန်ဘန် ဒီဇင်ဘာ ၃၀**

လေယာဉ်ပျောက်ဆုံးပြီး တတိယမြောက်နေ့ ဒီဇင်ဘာ ၃၀ ရက်တွင် အဲအေရှခရီးသည်တင်လေယာဉ်ရှာဖွေရေးအဖွဲ့များ၏ အင်ဒိုနီးရှားကမ်းလွန်၌ လေယာဉ်အပျက်အစီးအပိုင်းအစများနှင့် ရုပ်အလောင်းဒါဇင် ပေါင်းများစွာကို ရှာဖွေတွေ့ရှိခဲ့ပြီဟူသောသတင်းက လေယာဉ်ပေါ်လိုက်ပါသွားသည့် လူ ၁၆၂ ဦး၏ ဆွေမျိုးမိတ်သင်္ဂဟများအတွက် ငိုရှိုက်သံကို ပိုမိုပြင်းထန်စေခဲ့ပြီဖြစ်သည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့**

## ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနား ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၃၀

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဗိုလ်ရှုသဘင်အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နောင်ချိုမြို့နယ်၌ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ဦးစိန်ဝင်းခေါင်းဆောင်သော မြို့ပေါ်ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၃၅ ခုတို့မှ ဒေသခံတိုင်းရင်းသား ၁၁၀၀၀ ခန့်သည် တောင်းဆိုချက်(၅)ချက်ပါဝင်သော လက်ကိုင်ပိုစတာများကိုင်ဆောင်လျက် နှစ်နာရီကြာ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်ရာတွင် သက်ဆိုင်ရာ၏ ကြိုတင်ခွင့်ပြုချက်ရယူကာ နောင်ချိုမြို့မအားကစားကွင်း၌ စုဝေးပြီး မြို့မအားကစားကွင်းမှ မန္တလေး-လားရှိုးကားလမ်းမတစ်လျှောက်နှင့် မြို့မဈေးတစ်ဝိုက် လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ် အောင်မြင်သည်အထိ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုလူမှုစီးပွားတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက် **စာမျက်နှာ ၅ ကော်လံ ၁ သို့**









themirror.npt@gmail.com
www.facebook.com/themirrordaily

C B BANK

# Instant Fixed Deposit

## အပ်နှံခြင်းဖြင့် အတိုးကြိုတင်ရယူလိုက်ပါ.....

| အချိန်ကာလ | အတိုးနှုန်း(%) |
|---|---|
| (၆) လ | ၈.၅၀% |
| (၁) နှစ် | ၉.၀၀% |




အမှတ်– (၃၃၄ / ၃၃၆)၊ ကမ်းနားလမ်းနှင့်(၂၃)လမ်းထောင့်၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
Tel: (95-1) 371 848, 372 655, 373 426, 378 641, 372 646, 373 425
Fax: (95-1) 371 124, 378 640, 379 921
Call Center : 1874
E-mail: contact@cbbankmm.com Website: www.cbbank.com.mm https://www.facebook.com/CBBankmyanmar

